ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၄၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၄၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲ။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ မိသားစုကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစံထွန်း၊ ကချင်(၁၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ နိုင်ငံရေးဆွေးနွေးပွဲ။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ချောက်မြို့နယ်၊ သာစည်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးကျောင်းကို အခြေခံပညာ မူလတန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ချောက်မြို့နယ်၊ သာစည်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးကျောင်းကို အခြေခံပညာမူလတန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းက မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလင်းတောင်ကျေးရွာအုပ်စု၊ သာစည်ကျွန်းကျေးရွာ ကိုယ့်အား ကိုယ်ကိုးကျောင်းကို အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလင်းတောင်ကျေးရွာအုပ်စု၊ သာစည်ကျွန်းကျေးရွာဟာ ချောက်မြို့မှ (၃၅)မိုင် ကွာဝေးပြီး၊ အိမ်ခြေ (၅၆)အိမ်၊ လူဦးရေ(၁၇၂)ဦးနေထိုင်လျက်ရှိရာ သာစည်ကျွန်းကျေးရွာ ကိုယ့်အား ကိုယ်ကိုးကျောင်းမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မူလတန်းကျောင်းသား(၃၇)ဦး ပညာသင်ကြားလျက်ရှိပါတယ်။

အဆိုပါကျေးရွာမှာ မူလတန်းကျောင်းမရှိတဲ့အတွက် ကျေးရွာနေကလေးသူငယ်များမှာ ပညာသင်ကြားရန်ခက်ခဲပြီး ပညာသင်ကြားခွင့် အခွင့်အရေးများ နစ်နာဆုံးရှုံးလျက်ရှိတဲ့အတွက် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ပေးသင့်ကြောင်းနဲ့ အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ် ပေးပါက ကျောင်းနေအရွယ် ကလေးသူငယ်အားလုံးမူလတန်းပညာ သင်ယူနိုင်ခွင့် အခွင့်အလမ်းများ ရရှိပြီး ကျောင်းနေနိုင်ကြမှာ ဖြစ်ပါတယ်။ သာစည်ကျွန်းကျေးရွာဟာ အနီးဆုံးကျောင်းဖြစ်တဲ့ စလင်းတောင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းနဲ့ ဧရာဝတီမြစ်လက်တက် ခြားနေပြီးတော့ ကျွန်းမြေပေါ်မှာ တည်ရှိတဲ့အတွက် ဧရာဝတီမြစ်ရေကြီးချိန်မှာ မိုးတွင်းကာလတွေမှာ စလင်းတောင် ကျေးရွာရှိ မူလတန်းကျောင်းသို့ ကျောင်းသား၊ ကျောင်းသူများ သွားရောက်ပညာသင်ကြားနိုင်ခြင်း မရှိဘဲနဲ့ အခက်အခဲများ၊ အန္တရာယ်များနဲ့ တွေ့ကြုံရင်ဆိုင်နေရပါတယ်။

စလင်းတောင်ကျေးရွာအုပ်စု၊ သာစည်ကျွန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးကျောင်းဟာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ချောက်မြို့နယ် အုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်၊ မြို့နယ်ပညာရေးမှူးရဲ့ထောက်ခံချက်၊ စလင်းတောင် ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်၊ စလင်းတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ် ရဲ့ထောက်ခံချက်၊ ချောက်မြို့နယ်ပညာရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေး တင်ပြချက်တို့နဲ့အတူ ချောက်မြို့ နယ်ပညာရေးမှူးရုံးရဲ့ ၃၀-၉-၂၀၁၄ ရက်စွဲပါစာအမှတ် ၆၈/ဦး-၁/၇၃၆/၂၀၁၄ ဖြင့် ညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးသို့ ကိုယ့်အားကိုယ်ကိုးကျောင်းမှ အခြေခံပညာ

မူလတန်းကျောင်း(ခွဲ) အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပြုလွှာတင်ပြထားပြီးလည်း ဖြစ်ပါတယ်။ သို့ပါ၍ စလင်းတောင်ကျေးရွာအုပ်စု၊ သာစည်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးကျောင်းမှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့် အမှန်တကယ်တိုးမြှင့်ပေးသင့်ပါသဖြင့် နယ်မြေပြည်သူလူထု ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများအား မေးမြန်းအပ် ပါတယ်။

(၁) မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလင်းတောင်ကျေးရွာအုပ်စု၊ သာစည်ကျွန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ (၂)ရှိပါက မည်သည့်ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမည်တို့ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထုတ်ပြန်သည့် နည်းစနစ်ပြောင်းလဲနိုင်ရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က တက္ကသိုလ်ဝင်တန်း အောင်စာရင်းထုတ်ပြန်သည့် နည်းစနစ်ပြောင်းလဲနိုင်ရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဒါန်းပိုင်းအနေနဲ့ တင်ပြလိုတာကတော့ ဒီနေ့ Printed Paper Media လို့ခေါ်တဲ့ ပုံနှိပ်သတင်းစာစက္ကူကဏ္ဍဟာ အလွန်ပဲ ကျဆင်းနေပါပြီ။ သူတို့ရဲ့ အစား Digital Device ၊ Digital Software Media ကဏ္ဍက တစ်ဖြည်းဖြည်းတိုးတက်လာပါ တယ်။ အဓိက Printed Paper သတင်းစာစက္ကူတွေရဲ့ ကဏ္ဍရဲ့အားနည်းချက်ကတော့ ထုတ်ဝေသူကနေပြီးတော့ ဒီသတင်းပေးပို့သူကြားထဲမှာ ကျွန်တော်တို့စာရွက်ကို အဆင့်ဆင့်ပေးပို့ရတာတွေအတွက် လမ်းခရီးကြန့်ကြာမှုတွေ၊ အဆင့်ဆင့် စီမံခန့်ခွဲမှုတွေအတွက် ကြန့်ကြာနေတာဖြစ်ပါတယ်။ ဒီ Digital Device တွေ၊ Digital Media တွေကျတော့ ထုတ်လုပ်သူကနေပြီးတော့ သတင်းရယူသူကြားကို တိုက်ရိုက် လေလှိုင်းကနေပြီးတော့ တိုက်ရိုက်ပေးပို့နိုင်တဲ့ အားသာချက်တွေရှိပါတယ်။

ဘာကြောင့်လဲဆိုလို့ရှိရင် ဒီနေ့ကမ္ဘာမှာဆိုလို့ရှိရင် ပုံနှိပ်သတင်းစာစက္ကူကဏ္ဍဟာ တဖြည်းဖြည်းကျဆင်းလာပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် တစ်ချိန်တုန်းက ကမ္ဘာမှာနာမည်ကြီးခဲ့တဲ့ ပလေးဘွိုင်းမဂ္ဂဇင်းဟာ ဒီနေ့မှာဆိုရင် ပျောက်ကွယ်သွားပြီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား နောက် ဒီ Printed Paper Media နဲ့ ပတ်သက်လို့ ပြည်တွင်းထုတ်သတင်းစာတွေဟာလည်း အခက်ခဲမျိုးစုံကြားက နေပြီးရပ်တည်နေရတာပါ။ ဒါကြောင့် တချို့ကဆိုလို့ရှိရင် စက္ကူလောကကနေပြီးလို့ရှိရင် Online လောက၊ Online Media လောက၊ Online သတင်းစာလောကကို ပြောင်းလဲနေတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ နောက် ဒီ Digitl Device Digital Media တွေကလည်း ခက်ခဲလားဆိုတော့လည်း မခက်ခဲပါဘူး။ ဒီနေ့ လူငယ်အများစု ဟာ Digital Network ထဲမှာရှိနေပါတယ်။ ဒါဟာလည်းသိသာပါတယ်။ နောက်တစ်ခါ လက်ရှိအစိုးရ ကျွန်တော်တို့နိုင်ငံရဲ့ အစိုးရအဖွဲ့ကလည်း E-

Government ကို ဖော်ဆောင်နေကြောင်းလည်း သိရပါတယ်ခင်ဗျား။ အခု ကျွန်တော်မေးမယ့် မေးခွန်းကလည်း E-Government ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ နှစ်စဉ် ဇွန်လရဲ့ ညသန်းခေါင်ယံမှာဆိုလို့ရင် ဆူဆူညံညံအသံတွေ ကြားရမှာ ဖြစ်ပါတယ်။ ဒီအသံတွေဟာ (၁၀)တန်းအောင်စာရင်းထွက်တဲ့ ညရဲ့အသံတွေပါပဲ။

(၁၀)တန်းအောင်စာရင်းကို တက္ကသိုလ်ဝင်တန်း(၁၀)တန်းအောင်စာရင်းကို ညဘက်သန်းခေါင်ယံလောက်မှာ ကပ်တဲ့အတွက် ဒီအောင်စာရင်းကိုကြည့်ဖို့ ကျောင်းသား/ကျောင်းသူ မိဘတွေဟာ ဒီလမ်းပေါ်မှာ စုဝေးပြီးတော့ အောင်စာရင်းကပ်ရာကျောင်းကို သွားရပါတယ်။ ဒီအောင်စာရင်းဖတ်ပြီးလို့ပြန်လာလို့ရှိရင် စုစုဝေးဝေး ပြန်လာရပါတယ်။ ဒီအခါမှာ အောင်ခြင်း၊ ကျခြင်းအပေါ်မူတည်ပြီးလို့ရှိရင် ခံစားမှု ပေါက်ကွဲသံတွေကိုလည်း လမ်းပေါ်မှာ အန်ထုတ်တဲ့အတွက် ကျွန်တော်တို့ရပ်ကွက်တွေမှာ ဆိုရင် ညဘက်သန်းခေါင်တွေမှာ ဆူဆူညံညံတွေဖြစ်နေတာဖြစ်ပါတယ်။ ဒါဟာဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား တကယ်တော့ ညသန်းခေါင်ကာလဟာဆိုရင် အိပ်စက်အနားယူရမယ့် အချိန်ကာလမျိုးပါ။ ဒီအချိန်မှာ အောင်စာရင်းထုတ်လိုက်တဲ့အတွက် ကျောင်းသားမိဘ ဆရာတွေ၊ ရပ်ကွက်သူ/ရပ်ကွက်သားတွေ အကုန်လုံးဟာ ညသန်းခေါင်မှာ အိပ်စက်အနားမယူနိုင်ဘဲနဲ့ အကုန်လုံးဟာ နိုးထလှုပ်ရှားနေရခြင်း ဖြစ်ပါတယ်ခင်ဗျာ။

ဒါဟာဆိုလို့ရှိရင် ဒီအောင်စာရင်းညဘက်ကြည့်ရတဲ့ ကျောင်းသားနဲ့ မိဘတွေ၊ ရပ်ကွက်သူ/သားတွေရဲ့ ဒုက္ခဆင်းရဲဒုက္ခပဲ ဖြစ်ပါတယ်။ ဒီလိုပါပဲ ဥက္ကဋ္ဌကြီးခင်ဗျာ အောင်စာရင်းကို တာဝန်ယူကပ်ပေးရတဲ့ တာဝန်ကျဆရာတစ်ယောက်က ဒီမေးခွန်းကိုမေးရတာလည်း သူကကျွန်တော့်ကို ပြောလို့ပါ။ သူနှစ်စဉ် (၁၀)တန်းအောင်စာရင်းကို ကပ်ရတာ ဆင်းရဲဒုက္ခကြီးစွာရောက်ကြောင်း သူက တင်ပြပါတယ်။ သူတင်ပြတဲ့အကြောင်းရင်းကတော့ အောင်စာရင်းကပ်ရမယ့်ညမှာ အောင်စာရင်း စာရွက်အထုပ်နဲ့အတူ သူ့ကိုတာဝန်ပေးတဲ့ ကျောင်းကို သူ့ကို လွှတ်ပါတယ်။ လွှတ်တဲ့အခါမှာ သူက ကျောင်းကို ညဘက်ရောက်ပါတယ်။ ရောက်တဲ့အခါ ကပ်မယ့်ကျောင်းမှာဆိုရင် ညဘက် (၉း၀၀)နာရီ၊ (၁၀း၀၀)နာရီလောက်စတင်ပြီးတော့ ကျောင်းသားလူငယ်၊ အောင်စာရင်းကြည့်မယ့်လူတွေ တဖြည်းဖြည်း စုလာပါတယ်လို့သူကပြောပါတယ်။ အဲဒီအချိန် (၁၀)နာရီဝန်းကျင်လောက်ဆိုရင် အရက်ဆိုင်တွေလည်း ပိတ်တော့ အဲဒီကထလာတဲ့လူတွေလည်းပါတယ်လို့ ပြောပါတယ်။

ပါပြီးလို့ရှိရင် ကျောင်းရှေ့မှာ တဖြည်းဖြည်းစုလာပြီးလို့ရှိရင် အထဲကတာဝန်ကျဆရာတွေကို မကပ်သေးဘူးလား။ ဘာလုပ်နေလဲဆိုပြီး မျိုးစုံရန်စပါတယ်။ နောက်တချို့ဟာဆိုရင် အပြင်ကမှောင်နေပါတယ်။ ကျောင်းခေါင်မိုးပေါ်ခဲလုံးပစ်တင်တာတွေ အဲဒါတွေ လုပ်ပါတယ်။ တဖြည်းဖြည်းနဲ့ စုလာပြီးတော့ (၁၁)နာရီလောက်ကျရင် ကျောင်းဂိတ်ဝမှာ ကျောင်းသားတွေ၊ အောင်စာရင်းကြည့်မယ့်လူတွေနဲ့စုပြီး ဒီဂိတ်တံခါးကြီးကို ဝိုင်းတွန်းကြပါတယ်။ ဂိတ်တံခါးကြီးကလည်း ဝုန်းဒိုင်းခါနေပါတယ်။ ဒါနဲ့ပတ်သက်လို့ အဲဒီအချိန်မှာ တာဝန်ကျတဲ့ဆရာက ပညာရေးဌာနက အကြီးအကဲတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန် ရှိတဲ့ ပုဂ္ဂိုလ်တွေ နောက်ဆုံးရဲစခန်းကလူတွေအထိအောင် လာကြပါ၊ ဝိုင်းကြပါတော့ ဒီမယ်ကျောင်းကို လူစုလူဝေးနဲ့ ကျောင်းတံခါးတွေ ဝိုင်းတွန်းနေပါပြီ၊ အခြေအနေတွေဆူညံနေပါပြီလို့ပြောတဲ့အခါမှာလည်း ကျောင်းသားဖြစ်တဲ့အတွက် ဘယ်တာဝန်ရှိပုဂ္ဂိုလ်မှ မလာကြတဲ့

အတွက် ဒီအခက်အခဲမှာ နေရတယ်လို့ ပြောပါတယ်။ နောက်ဆုံးကျတော့ အထက်ကနေပြီးတော့ (၁၂)နာရီမှာ မကပ်နဲ့တော့၊ (၁၁)နာရီမှာ ကပ်ပေးလိုက်ဆိုတော့မှ သွားကပ်ရပါတယ်။

ကပ်ပြီးတဲ့အခါမှာလည်း ဒီအောင်စာရင်းကြည့်ချင်တဲ့ကျောင်းသားတွေရဲ့ စိတ်သဘော ဆန္ဒနဲ့ အပြင်မှာလည်း ဆူညံတိုးဝှေ့ပြီးတော့ ဒီအောင်စာရင်းစာရွက်သေးသေးလေးပေါ်မှာ လူရာချီပြီးတော့ ပြုံကြည့်ရတဲ့ ဆင်းရဲဒုက္ခဖြစ်တယ်လို့ သူကပြောပါတယ်။ ဒါဟာ လက်တွေ့အခြေအနေပါ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော် မူလတင်ပြသလို ဒီနေ့ရဲ့ခေတ်က Digital Device တွေ Digital Network တွေ ဒီ အွန်လိုင်းစနစ်တွေက အဆင်သင့်ဖြစ်နေပါပြီ။ ဒါကြောင့် အောင်စာရင်းကို အခုလိုဖြစ် မယ့်အစား အောင်စာရင်းကို ပညာရေးဝန်ကြီးဌာနရဲ့ Website ကနေ ကြိုလွှင့်ထားခြင်း၊ Digital Copy ၊ Digital Software တွေနဲ့ ဖြန့်ဝေထားခြင်းလုပ်မယ်ဆိုရင် ဒီဆင်းရဲဒုက္ခတွေ လွတ်မှာဖြစ်ပါ တယ်။ အဲဒါတွေလုပ်ပေးမှာဆိုရင် Printed Paper ကတော့ အစိုးရရဲ့ တရားဝင်စာရွက်စာတမ်းဖြစ်တဲ့ အတွက် ဒီစာရွက်ကို နောက်ရက်တွေကျမှ ရုံးချိန်အတွင်းမှာ သက်ဆိုင်ရာကျောင်းတွေမှာ ကပ်ထားနိုင်ဖို့ အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျာ ။ ကျေးဇူးတင်ပါတယ်။

**ကျောက်ဖြူမြို့နယ်၊ ကလန့်တဲကျေးရွာအုပ်စု၊ မူရှင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် (၁၂၀ x ၃၀)ပေ သွပ်မိုး RC ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ကျောက်ဖြူမြို့နယ်၊ ကလန့်တဲကျေးရွာအုပ်စု၊ မူရှင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် (၁၂၀ x ၃၀)ပေ သွပ်မိုး RC ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ဆုတောင်းရင်း ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝ ပြုအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ အောက်ပါမေးခွန်း များကို ကျွန်တော်မေးလိုပါတယ်။ မေးရမယ့်မေးခွန်းကတော့ ကျောက်ဖြူမြို့နယ် ကလန့်တဲကျေးရွာ အုပ်စု၊ မူရှင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် (၁၂၀ x ၃၀)ပေရှိ သွပ်မိုး RC ကျောင်းဆောင်တစ်ဆောင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ် ကလန့်တဲ ကျေးရွာအုပ်စု၊ မူရှင်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အလက(ခွဲ)အား ၂၀၁၃ ခုနှစ် တွင် အခြေခံပညာအလယ်တန်းကျောင်း အဖြစ်သို့လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း(အလက)မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (အထက)ခွဲ အဖြစ် တိုးမြှင့်

ပေးခြင်းခံခဲ့ရပြီး ကျောင်းသား/သူ(၂၅၀)ခန့်ပညာသင်ကြားလျက်ရှိပါတယ်။ ဤမူရင်း(အထက)(ခွဲ)ကို ကုန်ဘောင်ကျေးရွာ၊ ကလန့်တဲကျေးရွာ၊ ကင်းမြောက်ကျေးရွာ၊ လောင်းချိန်ကျေးရွာ၊ အောင်ဇေယျ ကျေးရွာနဲ့ ပင်လယ်နားကျေးရွာတို့ရှိ ကျောင်းသူ/ကျောင်းသားများအားလုံး တက်ရောက်သင်ကြား ကြရပါ တယ်။

(အထက)(ခွဲ)စတင်ဖွင့်လှစ်သည့်အချိန်မှာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လဖြစ်တဲ့အတွက် အထက်ပါ ကျေးရွာများမှ အခြေခံပညာအလယ်တန်း အောင်ပြီးသော ကျောင်းသား/ကျောင်းသူ အချို့မှာ ဇင်ချောင်းကျေးရွာနဲ့ လေးတောင်ကျေးရွာများရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ စာရင်း သွင်းဝင်ရောက်ခဲ့ကြပြီဖြစ်တဲ့အတွက် ယခုနှစ် ပညာသင်နှစ်တွင် ကျောင်းသူ/ကျောင်းသား (၂၅၀) ဦးသာ ရှိခဲ့ပါတယ်။ လာမယ့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသူ/ကျောင်းသားပေါင်း (၃၀၀)ခန့်တက်ရောက်သင်ကြားကြမည် ဖြစ်တဲ့အတွက် ပေ(၁၂၀)အရှည်ရှိကျောင်းဆောင်တစ်ဆောင် လိုအပ်လျက်ရှိနေကြောင်း ပူးတွဲပါ Fax ဖြင့် ကျောင်းကော်မတီဝင်များက တင်ပြတောင်းခံလာကြ ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကျောက်ဖြူမြို့နယ် ကလန့်တဲကျေးရွာအုပ်စု၊ မူရှင်း ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ.ထ.က(ခွဲ)အတွက် (က) (၁၂၀) ပေ၊ ပေ (၃၀) သွပ်မိုး RC ကျောင်းဆောင်သစ်တစ်ဆောင်ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဆောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ဆောက်လုပ်မပေးနိုင်ပါက အဘယ်ကြောင့်နည်းတို့ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး၊ ကျွန်တော် ဦးသန့်ရှင်းက လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စား လှယ် ဦးအောင်ငြိမ်းရဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း(၈)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၄၀)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၂၀) ကျောင်း၊ အခြေခံပညာမူလတန်ကျောင်း (၁၁၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၂)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၁၉၂)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ချောက်မြို့နယ်၊

သာစည်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းတွင် သူငယ်တန်း(၁၁)ဦး၊ ပထမတန်း (၁၀)ဦး၊ ဒုတိယတန်း(၉)ဦး၊ တတိယတန်း(၁)ဦး၊ စတုတ္ထတန်း(၆)ဦး စုစုပေါင်း မူလတန်း အဆင့်သင် ကျောင်းသား(၃၇)ဦးရှိပါတယ်။

အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ရန်အတွက် မူဘောင်သတ်မှတ်ချက်မှာ မူလတန်း အဆင့်သင်ကျောင်းသား(၅၅)ဦးနှင့် အထက်ရှိမှသာ အဆင့်တိုးတန်းစီ ဇယားတွင် ထည့်သွင်း ဖော်ပြရမည်ဖြစ်ပါတယ်။ မူလတန်းအဆင့် တန်းတစ်တန်း၏ စာသင်ချိန် စုစုပေါင်းမှာ တစ်ပတ်လျှင် (၄၀)ကြိမ်ဖြစ်ပါတယ် ။ မူလတန်းအဆင့် (၅)တန်းအတွက် စာသင်ချိန်စုစုပေါင်း(၂၀၀)ချိန်ဖြစ်ပါတယ်။ မူလတန်းပြတစ်ဦးလျှင် စာသင်ချိန်(၄၀)ချိန် သင်ကြားရမည်ဖြစ်ပြီး စာသင်ခန်း(၅)ခန်း အတွက် မူလတန်း ကျောင်းအုပ် အပါအဝင် ဆရာမ(၅)ဦး ခန့်ထားပေးရန် လိုအပ်ပါတယ်။ ကျောင်းသားဦးရေ (၃၇)ဦးသာ ရှိသောကြောင့် ကျောင်းသား၊ ဆရာ အချိုးအရ တစ်အချိုး ခုနှစ် ဖြစ်ပါ၍ ကျောင်းသားဆရာအချိုးအရ ကိုက်ညီမှု ရှိခြင်း၊ ဆရာ၊ ဆရာမ အင်အား ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသောကြောင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)သို့မဟုတ် တွဲဖက်အခြေခံပညာ မူလတန်းကျောင်းအဖြစ် လျှောက်ထားခွင့် ရှိပါတယ်။

သို့ဖြစ်၍ သာစည်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အခြေခံပညာ မူလတန်းကျောင်း(ခွဲ) အဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်နိုင်ရန် တန်းစီဇယားတွင် ထည့်သွင်းထားပြီး ဖြစ်ပါကြောင်းနှင့် ယခုပြုလုပ်နေသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း များ အဆင့်တိုးမြှင့်ခြင်း အစီအစဉ်များ ပြီးပါက လွှတ်တော်ကိုယ်စားလှယ် တင်ပြချက်များအရ လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသလိုအပ်ချက်အရ ထောက်ခံချက်များဖြင့် တင်ပြ လာခြင်းအားလည်းကောင်း စိစစ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန် ကြေညာသည့်နေ့အား သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက မြို့နယ်အုပ်ချုပ်ရေးမှူးထံ လုံခြုံရေး ကိစ္စများ စီမံထားနိုင်ရေးအတွက် အကြောင်းကြား သတင်းပို့ပြီး ဆောင်ရွက်ပါတယ်။ အောင်စာရင်း ထုတ်ပြန်ကြေညာခြင်းကို ပညာရေးဝန်ကြီးဌာန၏ Website မှ ထုတ်လွှင့်ခြင်းနှင့် ပုံနှိပ်စာရွက်ဖြင့် ကပ်ခြင်းတို့ကို သတ်မှတ်ရက်တွင် တစ်ပြိုင်တည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် သတ်မှတ် ရက်ထက်စော၍ ထုတ်ပြန်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူ မြို့နယ်တွင် အန္တရာယ်ရှိ ကျောင်း(၈)ကျောင်းနှင့် မူလတန်းကြို့ကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံ ပညာ (၉)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ်(၂၁၆.၀၀)သန်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက် တန်စီဇယားအရ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်တွင် ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိ ကျောင်းများကို ဖြည့်စွက်ခွင့်ပြုငွေတွင် တင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ဥပမိရပ်မကောင်းသည့်ကျောင်းများနှင့် ထပ်မံတိုးလာမည့် ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်တင်ပြသည့် ကျောက်ဖြူမြို့နယ်၊ မူရွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ သူဌေးရေအားလျှပ်စစ် စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရေးအတွက် နှစ်အလိုက် လိုအပ်ရန်ပုံငွေ ရရှိရေး၊ အဓိကပံ့ပိုးပစ္စည်းများ ရရှိရေး၊ ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ် ပစ္စည်းများ အချိန်မီရောက်ရှိစေရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေတို့ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြင့်လှိုင် က ရခိုင်ပြည်နယ်၊ သူဌေးရေအားလျှပ်စစ် စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရေးအတွက် နှစ်အလိုက် လိုအပ်ရန်ပုံငွေ ရရှိရေး၊ အဓိကပံ့ပိုးပစ္စည်းများ ရရှိရေး၊ ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ် ပစ္စည်းများ အချိန်မီရောက်ရှိ စေရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေတို့ကို သိရှိလို ခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာ ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သံတွဲမြို့နယ်အတွင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့ သူဌေးရေအားလျှပ်စစ် စီမံကိန်းနှင့်ဆက်စပ်၍ ကြယ်ပွင့်ပြ မေးခွန်းကို ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုမေးခွန်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့က တင်ပြခဲ့ရာ ယခုအချိန် (၆)လခန့် ကြာမြင့်ပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ သံတွဲမြို့နယ် သူငွေးရေအား လျှပ်စစ်စီမံကိန်းဟာ တစ်နှစ်ပျမ်းမျှ မိုးရေချိန် (၂၄၀) လက်မ၊ ရေဆင်းဧရိယာ (၄၄၂) စတုရန်းမိုင်မှ ပျမ်းမျှစီးဆင်းရေ (၂၄)သိန်းဧက ပေခန့်ရှိတဲ့ သူငွေးချောင်းကိုပိတ်ပြီး တမံအမြင့် (၂၉၈)ပေရှိ မြေသား ရေလျှောင်တမံ တည်ဆောက်လျက် စက်တပ်ဆင်အင်အား (၁၁၁) မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ် စီမံကိန်း ဖြစ်ပါတယ်။ ယင်းစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နေ့ကျင်းပခဲ့တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ (၂/၂၀၁၄)အစည်းအဝေးမှ ခွင့်ပြုခဲ့ပါတယ်။ ယင်းအချိန်ကတည်းက (၅)နှစ် စီမံကိန်းသတ်မှတ်ကာ စတင်ဆောင်ရွက်လာခဲ့ရာ ယခုဘဏ္ဍာရေးနှစ်အထိ (၁၁)နှစ်ခန့် ကြာမြင့်လာခဲ့ပြီ ဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံး လုပ်ငန်းပြီးစီးမှုမှာ (၃၇.၂၆)ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ သူငွေးရေအားတမံနေရာ (၆)နေရာမှာ အသေးစိတ် စူးစမ်းလေ့လာပြီးနောက် လက်ရှိတမံနေရာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ KANSAI အတိုင်ပင်ခံအဖွဲ့က အပြီးသတ် ရွေးချယ်သတ်မှတ်ခဲ့တဲ့နေရာ ဖြစ်ပါတယ်။ သူငွေးတမံနေရာဟာ အင်ဂျင်နီယာ၊ ဘူမိရှုထောင့်မှ အလွန်ရှုပ်ထွေးခက်ခဲနက်နဲသော ပညာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ ကြုံတွေ့နေရတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ အနက်ဆုံး(၁၆၀)ပေခန့်ရှိ တမံအုတ်မြစ်စိမ့်ရေတား ကွန်ကရစ်နံရံ (Diaphragm Wall) ကို ၂၀၁၀-၂၀၁၁ ခုနှစ်က အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ သူငွေးချောင်းရဲ့ များပြားသော ရေထုစီးနှုန်းဖြင့် မိုးရာသီ စီးဆင်းရေအားလုံးကို နိုင်နင်းစွာ လွှဲထုတ်နိုင်မယ့် အချင်း (၃၃)ပေခန့်ရှိတဲ့ ရေလွှဲဥမင်လိုဏ် Diversion Tunnel (၂)ပေါက်ကို မြန်မာ အင်ဂျင်နီယာများနှင့် တရုတ်အင်ဂျင်နီယာများ လုပ်ငန်းကဏ္ဍခွဲပြီး ဖောက်လုပ်လျက်ရှိကြရာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း တိုးလျှိုပေါက် ပေါက်သွားပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ မိုးများသော ဒေသဖြစ်၍ လုပ်ငန်းများ လုပ်ကိုင်ချိန် တိုတောင်းပြီး အင်ဂျင်နီယာပိုင်း၊ ဘူမိဗေဒပိုင်းဆိုင်ရာ ခက်ခဲသော ရင်ဆိုင်မှုများကို အချိန်နှင့်အမျှ ကြုံတွေ့ဖြေရှင်းလုပ်ကိုင်နေရတဲ့ စီမံကိန်း ဖြစ်၍ တင်ပြနေရခြင်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ရခိုင်ပြည်နယ်မှ ထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့သုံး စက်ရုံများ တည်ဆောက်၍လည်းကောင်း၊ နိုင်ငံတော်ဓာတ်အားပေးစနစ် (National Grid)နှင့် ချိတ်ဆက်၍လည်းကောင်း ယခင်ကမရရှိခဲ့သော လျှပ်စစ်ဓာတ်အားများကို စတင်ရရှိနေ၍ ရခိုင်ပြည်သူ အများမှ ဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

သို့ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ (Renewable Energy) အတန်းဝင် သူငွေး စီမံကိန်းမှ ရေအားလျှပ်စစ် ရရှိရေးကိုတော့ ဆုံးခန်းတိုင် အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင် (EIA/SIA)များ ထိခိုက်မှု အလွန်နည်းပါးပြီး မရှိသလောက်ဖြစ်သော သူငွေးရေအားလျှပ်စစ်စီမံကိန်းကို အနာဂတ် တစ်နေ့မှာ ကုန်ခန်းသွားနိုင်တဲ့ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအစား သားစဉ်မြေးဆက် ကုန်ခန်းနိုင်ခြင်း မရှိတဲ့ ရေအားလျှပ်စစ်အပေါ်မှာ မုချမသွေ မှီခိုအားထားရန် လိုအပ်တယ်ဆိုတာကိုလည်း တင်ပြလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူငွေးစီမံကိန်းဟာ ၂၀၀၃-၂၀၀၄ ခုနှစ် လွန်ခဲ့သော (၁၁)နှစ်က (၅)နှစ် စီမံကိန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ခဲ့သော်လည်း ယနေ့အခြေအနေတွင် ၂၀၁၈-၂၀၁၉ ခုနှစ်တွင်မှ ပြီးစီးနိုင် မည်လို့ သိရှိရပါတယ်။ စုစုပေါင်း (၁၆)နှစ်ခန့်ကြာမှ ပြီးစီးနိုင်တဲ့သဘော ဖြစ်နေပါတယ်။ ကျွန်တော်တို့ မဲဆန္ဒနယ်မြေအတွင်း ဆောင်ရွက်ဆဲ အထင်ကရ စီမံကိန်းကြီးဖြစ်လို့ ယခုလို အလွန်အကျွံကြန့်ကြာနေ ရခြင်းများအပေါ် အကြိမ်ကြိမ် ကွင်းဆင်းလေ့လာခြင်း၊ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ ရာမှာ အောက်ဖော်ပြပါ အဓိကအချက်အချို့ကို သုံးသပ်တွေ့ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး သွားလာမှု ခက်ခဲသော စီမံကိန်းဒေသဖြစ်၍ အဖက်ဖက်မှ ပံ့ပိုးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ခက်ခဲခြင်း၊ စရိတ်ကြီးမြင့်ခြင်းတို့အပေါ်မှာ နှစ်စဉ် စီမံကိန်းရန်ပုံငွေ လိုအပ်ချက် အတိုင်း ပြည့်မီစွာ မရရှိသည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ သူငွေးစီမံကိန်းရဲ့ လုပ်ငန်းတိုးတက်မှုအခြေအနေများကို Power Point ဖြင့် တင်ပြခွင့်ပေးပါ။ သူငွေး စီမံကိန်း တည်နေရာ ဖြစ်ပါတယ် ခင်ဗျား။ ဒါ ဥမင်လိုဏ်ခေါင်းကြီးစနစ် ပုံပါ။ ကျွန်တော်တို့ အမှတ်(၁) ဥမင်လိုဏ်ခေါင်းကိုတော့ ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြီးသွားပြီးတော့ အမှတ်(၂) ဥမင်လိုဏ်ခေါင်းကိုတော့ (၁၇)ရက်နေ့မှာ ပြီးစီးပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ သွားတဲ့အချိန်ကတော့ မပြီးစီးသေးပါဘူး။ အခုတော့ ပြီးစီးသွားပြီလို့ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါ ဥမင်လိုဏ်ခေါင်းကို ခက်ခဲစွာ ဖောက်ရတဲ့ အခက်အခဲပါ ခင်ဗျား။ အားလုံးတောင်နံရံကြီးကို ကွန်ကရစ်ကြီး အုတ်ချော့ပြီးမှ အောက်ကို ခက်ခက်ခဲခဲ ဖောက်ရတဲ့ အနေအထားဖြစ်ပါတယ်။ မိုးရွာလို့ရှိရင် ပြိုကျတဲ့အတွက် ခဏခဏ ပြန်ပြီး ပြုပြင်ရတဲ့အတွက် အချိန်က ဒီလောက်တော့ ကြာမြင့်တာ တွေ့ရှိရပါတယ်။ အမှတ်(၁)တော့ (၁၇)ရက်နေ့က ပြီးစီးပြီး တိုးလျှိုပေါက် ပေါက်သွား ပါတယ်။

ဒါ တမံအုတ်မြစ် စိမ့်ရေတားဟာ (၁၆၀)ပေ ရှိတဲ့ဟာကို စိမ့်ရေတား လုပ်ထားပြီး ဖြစ်ပါတယ်။ ရေယူအဆောက်အအုံ ဖြတ်ပိုင်းပုံပါ။ ဒါဟာ ဓာတ်အားပေးစက်ရုံ တည်ဆောက်မယ့် အောက်ခြေတမံ နေရာမှာ စီမံထားတာပါ။ ရေဝပ်ဧရိယာရှိတဲ့ ကျေးရွာတွေက တချို့ရွာ(၂)ရွာတော့ ကျွန်တော်တော့ ပြောင်းပေးပြီးပါပြီခင်ဗျ။ ကျန်တဲ့ရွာတွေက ပြောင်းဖို့အစီအစဉ် ဘတ်ဂျက်တွေ ချထားပြီးလို့ သိရှိရပါတယ်။ ရေဝပ်ဧရိယာမှာပါတဲ့ အိမ်ခြေတွေ တွက်ချက်ပြီး ပြောင်းရွှေ့မယ့်နေရာ၊ ချထားမယ့်နေရာ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်းတော့ မပြုတော့ပါခင်ဗျား။ သို့ရာတွင် စီမံကိန်းအချိန်ဇယားကို အကြိမ်ကြိမ် ပြင်ဆင်ရွှေ့ဆိုင်းလာပြီး အခုနောက်ဆုံး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြီးစီးမယ်လို့ သတ်မှတ်ခဲ့ရာ ယင်းအချိန်ကာလဇယားပေါ်မှာ ထပ်ဆင့် ဆွေးနွေးခြင်းတော့ မပြုတော့ ပါဘူး။


သူငွေးစီမံကိန်းရဲ့ စက်တပ်ဆင်အင်အား (၁၁၁)မဂ္ဂါဝပ်ဖြင့် နှစ်စဉ် ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (Annual Energy)မှာ (၃၈၆)သန်းကီလိုဝပ်နာရီ ဖြစ်လို့ (၁)ကီလိုဝပ်နာရီအတွက် ကျပ် (၅၀ိ/-)နှုန်းဖြင့် တွက်ချက်မှုအရ စီမံကိန်းတစ်နှစ် နောက်ကျလို့ရှိရင် နိုင်ငံတော်အနေဖြင့် တစ်နှစ်လျှင် ကျပ်သန်းပေါင်း (၁၉၃၀၀)သန်းခန့် ဆုံးရှုံးသည့်သဘောဆောင်နေ၍ တင်ပြခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ တရုတ်နိုင်ငံ၏ EXIM BANK ချေးငွေညီမျှ ကျပ် (၈၁၆၉.၆၁၂)သန်း၊ နိုင်ငံပိုင် နိုင်ငံခြားသုံးငွေ (Free FE) ညီမျှကျပ် (၉၈၉.၈၅၉)သန်းတို့အပါအဝင် စီမံကိန်းခန့်မှန်း တန်ဖိုးမှာ

(၃၅၄၆၀၀)သန်းခန့်ရှိလို့ သူဌေးစီမံကိန်းအား စီမံချက်ပါအတိုင်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဆက်စပ်၍ အောက်ပါမေးခွန်းများကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) ၂၀၁၈-၂၀၁၉ ပြီးစီးရန် နှစ်အလိုက်ရန်ပုံငွေ၊ အမှန်တကယ် ရရှိနိုင်ရေး ဆောင်ရွက်ထားမှု ရှိ/မရှိ။ (ခ) ၂၀၁၈-၂၀၁၉ ပြီးစီးရန် နှစ်အလိုက် လိုအပ်အဓိကပံ့ပိုးပစ္စည်းများဖြစ်သည့် စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်း စသည့် ရရှိနိုင်ရေး စီမံထားရှိမှု ရှိ/မရှိ။ (ဂ) ၂၀၁၈-၂၀၁၉ ပြီးစီးရန် ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ပစ္စည်းများ အချိန်မီ ရောက်ရှိနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


စီမံကိန်း ချဉ်းကပ်လမ်းများပြပုံ (၄၄)



## ဥမင်လိုဏ်စနစ်ပုံ (၄၄-၁)




## ဥမင်လိုဏ်အမှတ်(၁)တူးဖော်ခြင်းလုပ်ငန်း (၄၄-၂)



**ကလေးမြို့သို့ ရေအားလျှပ်စစ် ဖြန့်ဝေပေးနေသည့် ဖလမ်းမြို့နယ်အတွင်းမှ ဇီးချောင်းရေအား လျှပ်စစ်ဝန်ထမ်းများအား ချင်းပြည်နယ်ဝန်ထမ်းအဖြစ် သတ်မှတ်ပြီး၊ စက္ကန်းကျေးရွာမှ ရေအားလျှပ်စစ် စက်ရုံသို့ သွားသည့်လမ်းအား ကျောက်ချောခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ကလေးမြို့သို့ ရေအားလျှပ်စစ် ဖြန့်ဝေပေးနေသည့် ဖလမ်းမြို့နယ်အတွင်းမှ ဇီးချောင်းရေအား လျှပ်စစ်ဝန်ထမ်းများအား ချင်းပြည်နယ်ဝန်ထမ်းအဖြစ် သတ်မှတ်ပြီး၊ စက္ကန်းကျေးရွာမှ ရေအားလျှပ်စစ် စက်ရုံသို့ သွားသည့်လမ်းအား ကျောက်ချောခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး လိုရာဆန္ဒပြည့်ဝနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းချင်တဲ့ မေးခွန်းကတော့ ကလေးမြို့သို့ ရေအားလျှပ်စစ် ဖြန့်ဝေပေးနေသည့် ဖလမ်းမြို့နယ်အတွင်းမှ ဇီးချောင်း ရေအားလျှပ်စစ် ဝန်ထမ်းများအား ချင်းပြည်နယ် ဝန်ထမ်းအဖြစ် သတ်မှတ်ပြီး၊ စက္ကန်းကျေးရွာမှ ရေအားလျှပ်စစ်စက်ရုံသို့ သွားသည့်လမ်းအား ကျောက်ချောခင်းပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းအား တင်ပြမေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရေအားလျှပ်စစ် ဖြန့်ဝေနေတဲ့ ဇီးချောင်းရေအားလျှပ်စစ် တည်နေရာသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အစပ် ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း တည်ရှိပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ရဲ့ နယ်မြေအတွင်း ဖြစ်ပါတယ်။ တည်ရှိပါတယ်။ လက်ရှိဝန်ထမ်းများသည် တောထဲတောင်ထဲတွင် အန္တရာယ်ကင်း ပင်ပင်ပန်းပန်း ငှက်ဖျားပေါ်များသည့် စက်ရုံတည်နေရာတွင် တန်းလျားတွင် နေထိုင်ပြီး (၂၄)နာရီ တာဝန်ထမ်းဆောင်နေကြပါတယ်။ စက်ရုံမှ ကီလိုဝပ် (၆၅၀)စက် (၂)လုံး၊ (၁.၃)မဂ္ဂါဝပ်ဖြင့် မီးထုတ်လုပ်လျက် ကလေးမြို့ ဌာနဆိုင်ရာရုံးများနှင့် ကလေးတက္ကသိုလ်တို့ကိုလည်း မီးဖြန့်ဝေ ပေးခဲ့ပါတယ်။ အရေးကြီးရင်ကြီးသလို အခြားနေရာဒေသမှာလည်း အချိန်အခါအားလျော်စွာ မီးဖြန့်ဝေ ပေးကြောင်းလည်း သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ၎င်းရေအားလျှပ်စစ် လည်ပတ်ရာ စက်ရုံသို့ စစ်ကိုင်းတိုင်း ကလေးမြို့နယ် စဥ့်ကိုင်ကျေးရွာမှတစ်ဆင့် သွားရောက်သည်ဖြစ်ရာ အကွာအဝေးအားဖြင့် (၃)မိုင်ခန့် ကွာဝေးပါတယ်။ မြေလမ်းဖြစ်ပြီးမှ မိုးတွင်းအခါ တောင်သူများရဲ့ နွားနဲ့ နွားလှည်းများကြောင့် လမ်းမှာ ရွှံ့ဗွက်များ ထပြီး မသွားနိုင်လောက်အောင် ပျက်စီးပြီးနေပါတယ်။ ဝန်ထမ်းများ သိုင်းငင်း ကလေးမြို့သို့ ဈေးဝယ်သွားသည့်အခါ၌သော်လည်းကောင်း၊ ရုံးကိစ္စဖြင့် ကလေးမြို့သို့ သွားသည့်အခါ၌သော်လည်းကောင်း မော်တော်ဆိုင်ကယ်မမောင်းနှင်နိုင်ဘဲ ခြေလျင်နဲ့ သွားရသည့်အခါလည်း ရှိပါတယ်။

ဖွဲ့စည်းပုံအရ ဝန်ထမ်း(၁၆)ဦး ရှိတယ်လို့ သိရပြီး မိသားစုရဲ့ နေ့စဉ်စားသုံးဖို့ ဈေးဝယ် ဆင်းသွားတဲ့ အခါမှာလည်း သွားလာရေး လမ်းခရီးကောင်းဖို့လည်း အထူးလိုအပ်လျက် ရှိပါတယ်။

ကျွန်တော် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် သွားရောက်ပြီးမှ ကွင်းဆင်းတဲ့အခါ တွေ့ကြုံရတာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရေအားလျှပ်စစ် မီးဖြန့်ဝေပေးနေသော ဖလမ်းမြို့နယ်အတွင်းရှိ ဇီးချောင်းရေအားလျှပ်စစ် ဝန်ထမ်းများအား ချင်းပြည်နယ် ဝန်ထမ်းများအဖြစ် သတ်မှတ်ရေးနဲ့ ကလေးမြို့နယ် စက္ကန်းကျေးရွာမှ ရေအားလျှပ်စစ် တည်နေရာအထိ (၃)မိုင်ခန့်လမ်းအား ကျောက်ချောလမ်း ခင်းပေးခြင်း အစီအစဉ် ရှိ/မရှိကို ရိုသေ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ သက်ဆိုင်ရာများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင် ၏ မေးခွန်း အပေါ်မှာ ရှင်းလင်းတင်ပြ ဖြေကြားမှာ ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနဟာ ရခိုင်ပြည်နယ် သံတွဲမြို့ရဲ့ အရှေ့မြောက်ဘက် (၁၂)မိုင်ခန့်အကွာမှာရှိတဲ့ သူဌေးချောင်းပေါ်မှာ တစ်နှစ် လျှင် ကီလိုဝပ်နာရီသန်းပေါင်း (၃၈၆)သန်း ထုတ်လုပ်ပေးနိုင်တဲ့ ရေအားလျှပ်စစ် စီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီစီမံကိန်းဟာ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်မှစပြီး အကြိုစူးစမ်းတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာ အကြိုတည်ဆောက်မှု လုပ်ငန်းများအတွက် ရန်ပုံငွေ အနည်းငယ် တောင်းခံ ဆောင်ရွက်ခဲ့ရပါတယ်။ စီမံကိန်းလုပ်ငန်းများအနက် အဓိက ဦးစားပေး ဆောင်ရွက်ရမည့် မြစ်ရေလွှဲခြင်းလုပ်ငန်းအတွက် ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်းကိုတော့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှစတင် ဆောင်ရွက်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ မိမိဌာနဝန်ထမ်းများ၊ စက်ယန္တရားများအပြင် IGE Company နှင့် စာချုပ်ချုပ်ဆိုပြီး ပြင်ပပညာရှင်များနှင့် တာဝန်ခွဲဝေ တွန်းအားပေး ဆောင်ရွက်ခဲ့ပါတယ်။

စီမံကိန်းတည်ဆောက်မှုစနစ်အရ မြစ်ရေလွှဲနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ခဲ့ပြီး တစ်ဖက်မှလည်း နှစ်စဉ် ရန်ပုံငွေလိုအပ်ချက်များကို တင်ပြတောင်းခံခဲ့ပါတယ်။ စီမံကိန်း စုစုပေါင်း

ကုန်ကျစရိတ်ဟာ ကျပ်ငွေ(၃၅၄၆၀၁.၂၅၀)ဘီလီယံခန့် ဖြစ်ပြီး စီမံကိန်းအတွက် ရန်ပုံငွေ ရရှိသုံးစွဲမှုမှာ စီမံကိန်း စတင်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ပြုပြင်ပြီး ငွေလုံးငွေရင်း ခွင့်ပြုငွေရန်ပုံငွေ အပါအဝင် စုစုပေါင်း (၁၂၄.၀၇၇)ဘီလီယံ ရှိမှာဖြစ်ပြီးတော့မှ ရန်ပုံငွေ သုံးစွဲမှုအနေဖြင့် (၃၅)ရာခိုင်နှုန်းခန့် သုံးစွဲပြီးတော့ စီမံကိန်းတစ်ခုလုံးရဲ့ ပြီးစီးမှုမှာတော့ (၃၇.၉၂)ရာခိုင်နှုန်း ရှိပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းများအနက် ယခုအခါမှာ သူဌေးရေအားလျှပ်စစ် စက်ရုံစီမံကိန်းကို သတ်မှတ်ကာလဖြစ်တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးဖို့အတွက် လက်ကျန် (၄)နှစ်ကာလအတွင်း စီမံကိန်းလုပ်ငန်း (၆၂.၀၈)ရာခိုင်နှုန်း ကျန်တာကို ပြီးစီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေ (၂၃၀၅၂၄)ဘီလီယံ လိုအပ်လျက် ရှိပါတယ်။ အဲဒီငွေများကို အောက်ဖော်ပြပါ နှစ်အလိုက် ရန်ပုံငွေ လိုအပ်ချက်များအတိုင်း ခွင့်ပြုချက် ရရှိရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ (၅၉.၈၁၃)ဘီလီယံ တောင်းခံသွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၅၈.၀၅၈)ဘီလီယံ တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၄၅.၃၇၃)ဘီလီယံ တင်ပြတောင်းခံပြီးတော့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ (၆၇.၂၇၇)ဘီလီယံ တောင်းခံသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စုစုပေါင်း လက်ကျန်ရန်ပုံငွေ(၂၃၀.၅၂၄)ဘီလီယံကို အထက်ဖော်ပြပါ ဘဏ္ဍာရေးနှစ် များအတိုင်း စီမံတောင်းခံ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယအချက် အနေနဲ့ နှစ်စဉ် နှစ်အလိုက် ရရှိရန်ပုံငွေအရ ဆောင်ရွက်မယ့် လုပ်ငန်းများအတွက် အဓိက တည်ဆောက် ရေးလုပ်ငန်းများဖြစ်တဲ့ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ သံချောင်းလုံး လိုအပ်ချက်များကို ဝယ်ယူခွင့်ရရှိဖို့အတွက် ဘဏ္ဍာရေးနှစ်အစမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အကယ်၍ အဆိုပါ ဌာနများမှ ခွင့်ပြုရရှိတဲ့ ခွဲတမ်းဖြင့်လုံလောက်မှုမရှိပါကလည်း ပြင်ပကုမ္ပဏီများသို့ တင်ဒါခေါ်ယူ၍ လိုအပ်ချက်အတိုင်း အချိန်မီရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယအချက်အနေနဲ့ သူဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် စက်မှုနှင့် လျှပ်စစ်တပ်ဆင်ရေးပစ္စည်းများ၊ ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ EXIM Bank ချေးငွေနဲ့ ဝယ်ယူတင်သွင်းရန် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနဲ့ China Gezhouba Group Co. Ltd တို့ဟာ စာချုပ်အမှတ်၊ 100/DHP/2011-2012 ကို ၁၂-၁-၂၀၁၂ ရက်နေ့မှာ ချုပ်ဆိုထားရှိပါတယ်။ အဲဒီ စာချုပ်အရ သက်ဆိုင်ရာ Contractor မှ ပစ္စည်းများကို တင်သွင်းလျက်ရှိပြီးတော့မှ ဆက်လက်တင်သွင်းမယ့် ပစ္စည်းများကိုလည်း Contractor ကနေ သက်ဆိုင်ရာ ထုတ်လုပ်သူများထံသို့ မှာကြားတင်သွင်းရန် အဆင်သင့်ဆောင်ရွက်ထားရှိပြီး စီမံကိန်းရဲ့ မြို့ပြတည်ဆောက်မှု လုပ်ငန်းများ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်ပေါ်မူတည်ပြီးတော့မှ ပစ္စည်းများကို အချိန်ကိုက်တင်သွင်းတပ်ဆင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ သူဌေးရေအားလျှပ်စစ် စီမံကိန်းပြီးစီးရန်အတွက် ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ပစ္စည်းများကို ၎င်းဘဏ္ဍာရေးနှစ်ရဲ့ ရှေ့နှစ်များမှာ ကြိုတင်ပြီးတော့မှ တင်သွင်းသွားမှာဖြစ်ပြီး အချိန်မီ တပ်ဆင်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ မေးမြန်းတဲ့ မေးခွန်းပေါ်မှာ တင်ပြသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ချင်းပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနဲ့ လက်အောက်မှာရှိတဲ့ ရုံးဌာနများကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖွဲ့စည်းပုံပါ နယ်နိမိတ်အတိုင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဇီးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးရေးစက်ရုံဟာ ကလေးမြို့နဲ့ (၉)မိုင်အကွာမှာ တည်ရှိပြီး ချင်းပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ ဟားခါးမြို့နဲ့ မိုင်(၁၂၀)ခန့်၊ ဖလမ်းမြို့နဲ့ မိုင်(၈၀)ခန့် ကွာဝေးပါတယ်။ ဇီးချောင်းဓာတ်အားပေးစက်ရုံကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့မှ စက်ရုံမှာ တပ်ဆင်ထားတဲ့ (၆၃၀) ကီလိုဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂)လုံး၊ ဒါ့အပြင် (၁၂၅၀)ကေဗွီအေနဲ့ (၅၀၀)ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တို့နဲ့ ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။

ဇီးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးရေးစက်ရုံမှာ စက်ရုံမှူး၊ အငယ်တန်းအင်ဂျင်နီယာ (၂) အပါအဝင် ဝန်ထမ်း(၁၆)ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီးတော့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အစမှာပဲ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၎င်းစက်ရုံကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းမေးခွန်းပါ ရေအားစက်ရုံဟာ ချင်းပြည်နယ်အတွင်း ကျရောက်နေသည်ဆိုသော်လည်း အဆိုပါ စက်ရုံရဲ့ အုပ်ချုပ်စီမံမှု ကိစ္စအဝဝကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှသာ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မေးမြန်းချက်ပါ ကိစ္စရပ်နှင့်ပတ်သက်၍ ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ၁၉-၂-၂၀၁၅ နေ့စွဲမှာ ပြန်လည်ဖြေကြားလာခဲ့ပါတယ်။

ရေအားလျှပ်စစ်ဝန်ထမ်းနဲ့ ပတ်သက်၍ ဇီးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် ကလေးမြို့နယ်တွင် တည်ရှိခြင်း၊ စက်ရုံမှ ထုတ်လုပ်သော ဓာတ်အားပေးထားတဲ့ ဧရိယာမှာ ကလေးမြို့ဖြစ်နေခြင်းနဲ့ စက်ရုံနဲ့ စက်ရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရဲ့ ကွပ်ကဲအုပ်ချုပ်မှု၊ ကလေးခရိုင် လျှပ်စစ်အင်ဂျင်နီယာနှင့် ကလေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ရဲ့ အနီးကပ် ကြီးကြပ်မှုအောက်မှာ ရှိနေခြင်းနဲ့ စက်ရုံမှာလည်း ကလေးမြို့နဲ့ အနီးဆုံး တည်ရှိခြင်းကြောင့် ရေအားလျှပ်စစ်စက်ရုံ ဝန်ထမ်းများကို ချင်းပြည်နယ် ဝန်ထမ်းအဖြစ် သတ်မှတ်၍ မရနိုင်ပါကြောင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၏ ဝန်ထမ်းများအဖြစ်သာ သတ်မှတ်သွားမှာ ဖြစ်ပါကြောင်း စက္ကန်းကျေးရွာမှ ဇီးချောင်းရေအားလျှပ်စစ် စက်ရုံသို့ သွားတဲ့လမ်းဟာ ကျောက်ချောခင်းခြင်း လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၅-၂၀၁၆ ရန်ပုံငွေ လျာထားချက်မှာ ပါဝင်ခဲ့ ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လောလောဆယ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနဲ့ နောင်လာမယ့် ဘဏ္ဍာရေးနှစ်တွေမှာတော့ အပိုင်းလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် တင်ပြညှိနှိုင်းပေးမှာ ဖြစ်ပြီးတော့မှ ရန်ပုံငွေ ရရှိတဲ့အခါမှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လားရှိုးမြို့နယ် သံလွင်ကျေးလက်ကျန်းမာရေး ဌာနကို သံလွင်တိုက်နယ်ဆေးရုံအဆင့်သို့ ဖွဲ့စည်းခွင့်ပြုရန်နှင့် လိုအပ်သော ဆရာဝန်၊ သူနာပြု၊ သားဖွား ဆရာမများနှင့် အခြား အဆင့်ဝန်ထမ်းများ ခန့်အပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုးမြို့နယ် သံလွင်ကျေးလက်ကျန်းမာရေး ဌာနကို သံလွင်တိုက်နယ်ဆေးရုံအဆင့်သို့ ဖွဲ့စည်းခွင့်ပြုရန်နှင့် လိုအပ်သော ဆရာဝန်၊ သူနာပြု၊ သားဖွား ဆရာမများနှင့် အခြား အဆင့်ဝန်ထမ်းများ ခန့်အပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းသွားမှာကတော့ လားရှိုးမြို့နယ် သံလွင်ကျေးလက် ကျန်းမာရေး ဌာနကို သံလွင်တိုက်နယ်ဆေးရုံအဆင့်သို့ ဖွဲ့စည်းခွင့်ပြုရန်နှင့် လိုအပ်သော ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမများနှင့် အခြားအဆင့်ဝန်ထမ်းများ ခန့်အပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် လုပ်ဝိုင်အုပ်စုတွင်ပါဝင်သော သံလွင်စံပြကျေးရွာသည် လာရှိုးမြို့နယ်နှင့်(၃၄)မိုင်အကွာ တွင် တည်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ သံလွင်ကျေးရွာတွင် အလကခွဲကျောင်း(၁)ကျောင်းနဲ့ ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်စနစ်ဖြင့် အသုံးပြုနိုင်သော စံပြကျေးရွာကြီးတစ်ခုဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူများမှာ ရှမ်း၊ ကိုးကန့်၊ လားဟူ၊ ပလောင်၊ ကချင်၊ လွယ်လှ၊ လီဆူး စတဲ့ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ရိုးသားစွာနဲ့ တောင်ယာလုပ်ငန်းနဲ့ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများဖြစ်ကြပြီး အများအားဖြင့် ဆင်းရဲနွမ်းပါးကြတဲ့ တောသူတောင်သားများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင် ကျေးလက်ကျန်းမာရေးဌာနကို မှီခိုအားထားနေကြတဲ့ ကျေးရွာ အုပ်စုပေါင်း (၅)အုပ်စုရှိပါတယ်။ ၎င်းတို့မှာ လုပ်ဝိုင်အုပ်စု၊ ဟိုနားကုန်းစွာအုပ်စု၊ ဘန်ဟုန်းအုပ်စု၊ ကြယ်ခေါင်မှန်ဘောင်အုပ်စု၊ မှန်စယ်အုပ်စုတို့ပါဝင်ကြပြီး ကျေးရွာပေါင်း(၄၁)ရွာ၊ အိမ်ခြေစုစုပေါင်း (၁၉၉၁)အိမ်နဲ့ လူဦးရေစုစုပေါင်း (၁၀၅၅၁)ဦး ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလတွင် ကျေးလက်

ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဖြစ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။

သို့သော်လည်း ကျေးလက်ကျန်းမာရေးဌာနတစ်ခုတည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအင်အား မလုံလောက်ခြင်း၊ အများပြည်သူအနေနဲ့ လားရှိုးမြို့ ပြည်သူ့ဆေးရုံဆေးခန်းများတွင် သွားရောက်ဆေးကုသမှုခံယူရန် အခက်အခဲများစွာရှိခြင်းကြောင့် ၂၀၁၂-၂၀၁၃ ခုနှစ်၊ မေလတွင် သံလွင်ကျေးရွာ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ခွင့်ပြုနိုင်ပါရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အထောက်အထားများဖြင့် တင်ပြလျှောက်ထားခဲ့ပြီးဖြစ်ကြောင်း အများပြည်သူလူထုရဲ့ ပြောပြချက်အရ သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၆)ခုတင်ဆံ့တိုက်နယ်အဆင့်ဆေးရုံသို့ တိုးမြှင့်ပေးမည်ဆိုပါက အဆင်သင့် အသုံးပြုနိုင်ရန် အဆောက်အအုံအချို့ကိုလည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ မြေဧကအကျယ်အဝန်း (၂.၀၁၅)ဧကပေါ်တွင် ပြင်ပလူနာစမ်းသပ်ရန်အတွက် (၂၀)ပေ၊ (၅၀)ပေအကျယ် အဆောင်(၁)ခု၊ (၂၀)ပေ၊ (၄၀)ပေအကျယ်ရှိ အမျိုးသားနှင့် အမျိုးသမီးလူနာဆောင်အတွက်(၂)ဆောင်၊ (၂၀)ပေ၊ (၃၀)ပေအကျယ်ရှိတဲ့ ဓာတ်ခွဲခန်း (၁)ခန်း၊ (၁၀)ပေ၊ (၂၅)ပေအကျယ်ရှိတဲ့ အခြားအသုံးပြုရန်လိုအပ်ပါက အဆင်သင့် အသုံးပြုနိုင်ရန်အတွက် အဆောင်(၂)ဆောင်ကိုလည်း ဆောက်လုပ်ထားပြီးဖြစ်ကြောင်း တင်ပြလိုပါ တယ်ခင်ဗျား။

သို့ဖြစ်ပါ၍ တိုက်နယ်အဆင့်ဆေးရုံသို့ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုပို၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ (က) သံလွင်ကျေးလက်ကျန်းမာရေးဌာနမှ သံလွင်တိုက်နယ်ဆေးရုံအဆင့်သို့ ဖွဲ့စည်းခွင့်ပြုပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ (ခ) သံလွင်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ပြုပေးပါက လိုအပ်သော ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမများနှင့် အခြားအဆင့်ဝန်ထမ်းများအား ခန့်အပ်သွားရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ (ဂ) သံလွင် တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်တိုးမြှင့် ဖွင့်လှစ်သွားနိုင်မည်ကို သိရှိ လိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် အန္တရာယ်တစ်ခု ဖြစ်လာနေသော ပလပ်စတစ်အိတ်သုံးစွဲမှုကို နိုင်ငံတော်မှ ဟန့်တားနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် အန္တရာယ်တစ်ခု ဖြစ်လာနေသော ပလပ်စတစ်အိတ် သုံးစွဲမှုကို နိုင်ငံတော်မှ ဟန့်တားနိုင်မည့် အစီအစဉ်များဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် လူကြီးများအားလုံးကို ကျွန်တော် ဒီနေရာကနေပြီးတော့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေလို့ ဆုတောင်းပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးခွင့်ပြုတဲ့ အတွက် ဥက္ကဋ္ဌကြီးကိုလည်း ကျွန်တော် ကျေးဇူးအထူးတင်ရှိပါတယ်။ ဒီ ပလပ်စတစ်အန္တရာယ်ဟာ အင်မတန်မှ ကြီးမားလာတယ်။ စိုးရိမ်ကြီးစွာဖြစ်နေတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ ကမ္ဘာမှာ ရှေ့တန်းတက်လာတဲ့ ကိစ္စတစ်ရပ်ဖြစ်ပြီးတော့ လူပြော သူပြောများတဲ့ ကိစ္စလည်း ဖြစ်နေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ နေတဲ့ ကမ္ဘာကြီးဟာ ပိုပြီးပိုပြီး ပူနွေးလာပြီးတော့ အန္တရာယ်ကို ရင်ဆိုင်နေရတဲ့ အခြေအနေကို ရောက်လာပြီ ဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်မှုတစ်ရပ်ဖြစ်လာနိုင်လို့ပါပဲ မြန်မာပြည်နဲ့ ပတ်သက်လို့ဆိုရင် လည်းပဲ မြန်မာပြည် ရာသီဥတုဟာ ပုံမှန်မရှိတော့ပါဘူး။ ကျန်းမာရေးပိုင်းအရဆိုရင်လည်း ကျွန်တော် တို့ဟာ ၂၀၁၁ ကမ္ဘာ့ ကျန်းမာရေးအစီရင်ခံစာအရဆိုလို့ရှိရင် ကမ္ဘာမှာ ကင်ဆာအဖြစ်ဆုံး (၁၀)နိုင်ငံ မှာ ကျွန်တော်တို့ဟာ ဒုတိယအဆင့်မှာ လိုက်နေပါတယ်။ ကင်ဆာဖြစ်စေခြင်းဟာ ပလပ်စတစ်ကိုပဲ တရားခံလို့ပြောရပါမယ်။

ကျွန်တော်တို့ နေ့စဉ်ဘဝမှာ ကျွန်တော်တို့ဟာ ပလပ်စတစ်နဲ့ မကင်းကွာနိုင်ပါဘူး။ မနက် မိုးလင်းကတည်းက ကျွန်တော်တို့ ပလပ်စတစ်ခွက်နဲ့ မျက်နှာသစ်တယ်။ ပလပ်စတစ်ခြင်းတောင်း ကိုင်ပြီးတော့ ဈေးသွားတယ်။ ဈေးထဲမှာ ပစ္စည်းဝယ်လို့ရှိရင်လည်း ပလပ်စတစ်အိတ်တွေ တစ်ပုံကြီး ထည့်လာတယ်။ အိမ်က အိမ်သူအိမ်သားတွေ စားဖို့အတွက် မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ စမူဆာ၊ ပလာတာ အကုန်လုံး ပလပ်စတစ်အိတ်နဲ့ ထည့်ပြီးတော့ ဝယ်လာတယ်။ ကျွန်တော်တို့ မီးသွေး ဆိုလည်းပဲ ပလပ်စတစ်အိတ်နဲ့ ထည့်ပြီးတော့ သယ်လာပါတယ်။ အဲဒါတွေ အကုန်လုံးဟာ ကျွန်တော်တို့ ပလပ် စတစ်အမှိုက်တွေချည်းပါ။ ပလပ်စတစ် Waste ဆိုတာ ကျွန်တော် ဒီဟာကို ပြန်ပြီးတော့ ပြန်စွန့် လိုက်ရ ပါတယ်။ ပြန်စွန့်လိုက်တဲ့အခါကျတော့ အမှိုက်ပုံကြီးက တဖြည်းဖြည်း တဖြည်းဖြည်း ကြီးလာတယ်။ ပလပ်စတစ် သုံးစွဲမှုဟာ အင်မတန်ကို ကြီးမားလာပါတယ်။

အဲဒီတော့ အန္တရာယ်ရှိတာက ဒီ ပလပ်စတစ်ဟာ ဥပမာဆိုပါစို့။ မုန့်ဟင်းခါး ပူပူ လောင်လောင်နဲ့ ပလပ်စတစ်အိတ်နဲ့ တွေ့တဲ့အချိန်မှာ ပလပ်စတစ်က ဓာတ်ပြုပါတယ်။ အဲဒီဓာတ် က ကျွန်တော်တို့ Strychnine ဆိုတဲ့ဓာတ်ဟာ ကင်ဆာကိုဖြစ်စေပါတယ်။ ဒါ အင်မတန် အန္တရာယ်ကြီး ပါတယ်။ အဲဒီတော့ တခြား ဆီပါတဲ့ အစားအစာဘာနဲ့ပဲတွေ့တွေ့ သူက ဓာတ်ပြုပါတယ်။ တစ်ခါ ကလေးတွေသုံးတဲ့ နို့ဘူးမှာ နို့ဘူးလုပ်တဲ့ PBC မှာ Strychnine ပါတဲ့ ပလပ်စတစ်အုပ်စု ဖြစ်နေလို့ မသုံးသင့်ပါဘူး။ ရေသန့်ဘူးတွေဟာလည်းပဲ ပလပ်စတစ်တွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ နေ့စဉ် နေ့တိုင်း ပလပ်စတစ်ပေါင်းများစွာကို ကျွန်တော်တို့ သုံးစွဲနေကြပါတယ်။ နေ့တိုင်း စွန့်ပစ်နေကြပါ တယ်။ အဲဒီ ရေသန့်ဟာ အထူးစိုးရိမ်စရာကောင်းတာက ရပ်ကွက်တွေမှာဆိုလို့ရှိရင် ရေသန့်ပုံးကြီး တွေ၊ ဘူးကြီးတွေကို တင်ပြီးတော့ ရပ်ကွက်တွေမှာ လှည့်လည်ရောင်းတယ်။ လှည့်ပြီးတော့ ဝေပေးတဲ့

အချိန်မှာ နေပူထဲမှာ တစ်ချိန်လုံး သူတို့က တွန်းပြီးတော့ သွားနေပါတယ်။ ကျွန်တော့် အိမ်ရှေ့မှာကိုက (၁)နာရီ လောက်ကြာတယ်။ အဲဒီ စောင့်ပြီးတော့ မြို့ထဲမှာဆိုလို့ရှိရင်လည်း အပေါ်ကို တင်ဖို့အတွက် သူတို့က ရပ်စောင့်တဲ့အချိန်မှာ နေပူကို တအားစုပ်တယ် အဲဒီပလပ်စတစ်ဘူးက၊ ဒီဟာက ကျန်းမာရေးအတွက်ကို တော်တော်ကို အန္တရာယ်ရှိပါတယ်။

အဲဒီတော့ ကလေးတွေသုံးတဲ့ ပလပ်စတစ်မှာလည်း Monomania ဆိုတဲ့ အလွန် အဆိပ်ပြင်းတဲ့ ကြောက်စရာဓာတ်တစ်မျိုးပါ ပါတယ်။ တစ်ခါ ကျွန်တော်တို့ ဖော့ဘူးတွေကလည်း အန္တရာယ်ရှိပါတယ်။ ကျွန်တော်တို့ ဒန်ပေါက်၊ ခေါက်ဆွဲ အမြဲတမ်း အလှူအတန်းတွေမှာ ပေးတယ်၊ သုံးနေတယ်၊ အဲဒီထဲမှာ လည်းပဲ ဒီ Strychnine ဆိုတဲ့ဥစ္စာဟာ ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒီ ပလပ်စတစ်နဲ့ ဘယ်လိုမှ မလွတ်ကင်းနိုင်ဘူး။ ကင်ဆာကို ကျွန်တော်တို့က တစ်ချိန်လုံး ကင်ဆာဖြစ်ဖို့ အခွင့်အရေးတွေကို တစ်ချိန်လုံး ရယူနေတယ်လို့ အဲဒီလိုပဲ ပြောရမှာဖြစ်ပါတယ်။

ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို ကျွန်တော်တို့ ကျောက်မီးသွေးဓာတ်အားစီမံကိန်းတစ်ခု လုပ်ဖို့ဆိုလို့ရှိရင် ဆူလောင်ဆူလောင်နဲ့ ဟိုနေရာကကန့်ကွက်၊ ဒီနေရာက ကန့်ကွက်၊ သဘာဝ ပတ်ဝန်းကျင်က ပျက်စီးသွားပါပြီ ဆိုပြီးတော့ ကန့်ကွက်နေကြပါတယ်။ ဒါပေမဲ့ ဒီလူတွေဟာ သူတို့ ကိုယ်တိုင်ပဲ သဘာဝပတ်ဝန်းကျင်ကို နေ့စဉ်နေ့တိုင်း ဖျက်ဆီးနေတယ်ဆိုတာကို သူတို့ သတိမထားမိ ပါဘူး။ အဲဒီတော့ မဆင်မခြင် စည်းမဲ့ကမ်းမဲ့ စွန့်ပစ်တဲ့ ပလပ်စတစ်စွန့်ပစ်ပစ္စည်းတွေဟာ သဘာဝ ပတ်ဝန်ကျင်ကို ဘယ်လောက်ပျက်စီးတယ်ဆိုတာကိုလည်း သူတို့မသိပါဘူး။ ဒီကနေ့ ကျွန်တော် သတင်းတစ်ခုမှာ တွေ့တာကတော့ သမုဒ္ဒရာမှာ စွန့်ပစ်တဲ့ ပလပ်စတစ် Waste ဟာ စုပုံလာပြီးတော့ တက္ကဆက်ပြည်နယ်ရဲ့ (၂)ဆလောက်တောင်မှ ရှိတဲ့ ကျွန်းမျောကြီးဖြစ်နေတယ်လို့ ပြောပါတယ်။

အဲဒီတော့ တစ်ခါ ကျွန်တော်တို့ ဒီ နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ ပြောရမယ်ဆိုလို့ရှိရင်လည်း ခရီးသွား လုပ်ငန်းမှာဆိုလို့ရှိရင် တစ်ခါက ကျွန်တော်တို့ ပုပ္ပါးတောင်ဘက်ကိုသွားတဲ့အခါမှာ ဘတ်စ် ကားကြီးတွေ ဆင်းလာပါတယ်။ ပုပ္ပါးတောင်ကနေပြီးတော့ ခရီးသည်ကားတွေ အဲဒီကားတွေပေါ် ကနေပြီးတော့ ပလပ်စတစ် အိတ်တွေ တစ်ချိန်လုံး သူတို့က လွှင့်ပစ်နေတာကို ဘူးခွံတွေရော၊ အိတ်တွေရော၊ အကုန်စားတဲ့ဟာတွေ၊ ကွမ်းယာထည့်တဲ့ ပလပ်စတစ်တွေ အကုန်လုံးလွှတ်ပစ်တော့ နိုင်ငံခြားကလာတဲ့ သူတွေက အံ့သြပြီးတော့ ကြည့်နေပါတယ်။ ငေးမောပြီးတော့ဟာ မင်းတို့ တိုင်းပြည်မှာ ဒီလိုပဲ စည်းမဲ့ကမ်းမဲ့ လုပ်နေကြ တာပဲလား။ ဒါဆိုလို့ရှိရင် မြန်မာပြည် သိက္ခာဟာ တော်တော့်ကို ကျဆင်းလာ လိမ့်မယ်။ နိုင်ငံခြားသားတွေက လာတော့မှာ မဟုတ်ဘူးဆိုပြီးတော့လည်း ပြောကြပါတယ်။ အပြော ကျွန်တော်တို့ ခံခဲ့ကြရပါတယ်။ အဲဒီတော့ ဖေဖော်ဝါရီလ (၂၅)ရက်နေ့က သတင်းတစ်ပုဒ်မှာတော့ မန္တလေးမှာတဲ့ မန္တလေးစည်ပင်၊ မြို့တော်စည်ပင်ကနေပြီးတော့ ပလပ်စတစ် သုံးစွဲမှုဟာ တော်တော်လေးမြင့်တက်လာပြီ အရေးယူမှုဖြစ်တော့မယ်ဆိုပြီးတော့ ပလပ်စတစ်ကင်းစင် မြို့တော် လုပ်မယ် ဆိုပြီးတော့ ကြေညာပါ တယ်။ ကြေညာချက် ထွက်လာတယ်။

အဲဒီတော့ ဒီမန္တလေးလိုပဲ ကျွန်တော်တို့ တခြားတခြား မြို့တော်မှာလည်းပဲ ဒီလိုမျိုးလုပ်ရင် မဖြစ်နိုင်ဘူးလားလို့ ကျွန်တော်တို့ စဉ်းစားကြည့်မိပါတယ်။ တစ်ခါ ပလပ်စတစ်ကို ကျွန်တော်တို့ တစ်ချိန်တုန်းက သတင်းစာ စက္ကူတွေ အရမ်းရောင်းရပါတယ်။ သတင်းစာ စက္ကူတွေဘာလုပ်လဲ ဆိုတော့ စက္ကူအိတ်တွေလုပ်တယ်။ စက္ကူအိတ်တွေလုပ်ပြီးတော့ စာအုပ်ဝယ်လို့ရှိရင်လည်း အဲဒီ

စက္ကူအိတ်တွေ ပေးလိုက်တယ်။ ဘာညာထည့်ပေးတယ်။ အခု သတင်းစာ စက္ကူတွေလုံးဝ ရောင်းလို့ မရတော့ပါဘူး။ သတင်းစာစက္ကူက ဘယ်သူမှ မဝယ်တော့ဘူး။ ဆိုတော့ အိမ်တွေမှာလည်း ပုံနေတယ်၊ ကျွန်တော်တို့ ရပ်ကွက်တွေမှာလည်း ပုံနေတယ်။ လှင့်ပစ်တဲ့နေရာမှာတောင် မရှိတော့ဘူး၊ သတင်းစာ စက္ကူဟာ။ ဒီဟာကို ကျွန်တော်တို့ ပြန်သုံးရင်မရဘူးလား။ ဟိုတုန်းကလိုပဲ သတင်းစာ စက္ကူတွေကို စာအိတ်ကလေးတွေ လုပ်ပြီးတော့မှ ပြန်ပြီးတော့သုံးဆိုရင် ပလပ်စတစ်သုံးဖို့အစားကို သတင်းစာသုံးခြင်းအားဖြင့် Substitute လုပ်နိုင်ပါတယ်လို့ တွေးမိပါတယ်။

တခြား ကျွန်တော်တို့ ရှမ်းပြည်ဘက်တွေ ကိုသွား ကြည့်လို့ရှိရင် နည်းနည်းပါးပါးတွေ့နိုင်ပါသေးတယ်။ ကျွန်တော်တို့ အင်းလေးကန်တို့ ဘာတို့ဆိုရင် ကြာဖက်တွေနဲ့ ထုတ်ပြီးတော့ရောင်းတယ်။ ဘာညာအစားအသောက်တွေ ဖက်တွေနဲ့ ထုတ်ရောင်းတယ်။ အခုထိအောင်လည်း ကျွန်တော်တို့ ငှက်ပျောပေါင်းတို့ ဘာတို့ဆိုရင် ဖက်တွေနဲ့ ထုတ်ပြီးတော့ လုပ်ကြတာပါ။ အဲဒီလိုမျိုး အရသာလည်းကောင်းတယ်။ မုန့်စိမ်းပေါင်းတို့၊ ဘာတို့ဆိုရင်လည်း ဖက်ကလေးနဲ့ထုတ်ရောင်းတဲ့ အခါကျတော့ ဖက်နံ့သင်းသင်းလေးနဲ့ ကျွန်တော်တို့ စားလို့ကောင်းတယ်။ Ecology လည်းဖြစ်တယ်။ ဒီ ပလပ်စတစ်အိတ်ကိုပဲ သုံးစွဲရမယ်ဆိုတဲ့ ဥစ္စာတော့ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တစ်ရပ်တော့ မဟုတ်ပါဘူး။

အဲဒီတော့ တစ်ခါတစ်ခါ တီဗွီမှာ ကျွန်တော်တို့ ဆွေးနွေးခန်းတွေ Dop တွေမှာ တွေ့ပါတယ်။ တွေ့ပေမယ့် လူတွေကလည်း သိပ်ပြီးတော့ သတိမထားမိဘူးထင်တယ်။ ကျွန်တော့် စိတ်အထင်က တော့ အဲဒီတော့ ကျွန်တော်တို့ ဒီဟာကို တကယ့်တိုင်းသိပြည်သိ ပုဂ္ဂိုလ်တွေ Selective အထူးသဖြင့် ရုပ်ရှင်မင်းသမီးတွေ၊ အဆိုတော်ကြီးတွေ တကယ့်လူတွေ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေနဲ့ သူတို့ကိုယ်တိုင်ပဲ ဒီလှုပ်ရှားနေပါတယ်ဆိုတဲ့ဟာမျိုးကို လုပ်ပြပြီးတော့ တင်ပြနိုင်မယ် ဆိုရင်တော့ တော်တော်လေး ထိရောက်နိုင်မယ်လို့ ထင်ပါတယ်။ လူထု ပညာပေးနည်း၊ စည်းရုံး လုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ မူဖြစ်တဲ့ Reduce , Reuse , Recycle သုံးနည်းနဲ့ လုပ်မယ် အစားထိုးမယ်။ ကျွန်တော်တို့ အဲဒီလို လုပ်သွားတဲ့အခါကျလို့ရှိရင်တော့ ဒီဟာ အန္တရာယ်ဟာ သက်သာပါလိမ့်မယ်၊ အခုဆိုလို့ရှိရင် နိုင်ငံတကာမှာ Action Against ပလပ်စတစ်ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ လှုပ်ရှားနေကြပါပြီ။ တစ်ဘက်ကလည်း ကျွန်တော်တို့ အမှိုက်သိမ်း၊ အမှိုက်ဖြစ်လာတဲ့ ကျွန်တော်တို့ ဒီပလပ်စတစ်တွေကို ပါဝါပွိုင့် အချိန်မမီလို့ မပြလိုက်ရပါဘူး။ ကျွန်တော်တို့ ဘယ်လောက်ထိ ကြည့်မကောင်း ရှုမကောင်း ဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့ အိမ်နားတွေမှာရော၊ ရပ်ကွက်တွေမှာရော၊ ဈေးထဲမှာရော ဒီ ပလပ်စတစ်ဟာ ရွံစရာကြီးတွေ၊ ကျွန်တော်တို့ နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း ထိခိုက်နိုင်တဲ့ အနေအထားတွေရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီဥစ္စာက ဘယ်သူနဲ့ ဆိုင်တယ်၊ မဆိုင်တယ် မဟုတ်ဘူး။ ကျွန်တော်တို့ အကုန်လုံးနဲ့ ဆိုင်တဲ့ကိစ္စ၊ ဒီဥစ္စာကို လူတိုင်းက နိုင်ငံသိစိတ်ဓာတ်နဲ့ ငါတို့ရဲ့ ဂုဏ်သိက္ခာဆိုပြီးတော့ ပလပ်စတစ်တွေကို သိမ်းကြမယ်ဆိုပြီးတော့ စနစ်တကျ စွန့်ပစ်ကြမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ မဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ မကြာသေးခင်ကပဲ ကျွန်တော်တို့ Work Shop တွေဘာတွေ

တက်ခဲ့ပါတယ်။ ပြင်သစ် NGO တစ်ခုက Grant Locate ဆိုတာ သူတို့က အာရှဒေသမှာ ဒီမိုကရေစီ နိုင်ငံရေးစနစ်နဲ့ ပတ်ဝန်းကျင်သဘာဝ -------

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင် ရပါပြီ။ ပြည့်စုံပါပြီ။ ဒီလောက်ဆိုရင်။ မေးမယ့် မေးခွန်းပဲ မေးပါ။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ဟုတ်ကဲ့ပါ ခင်ဗျား။ အဲဒီလို လှုပ်ရှားပေးနေကြပါတယ် သူတို့။ ဆိုတော့ ဝမ်းသာစွာနဲ့ ကြိုဆိုပါတယ်။ မြန်မာနိုင်ငံ ဟာလည်းပဲ ကြီးမားသော စီးပွားရေးတိုးတက်မှု ဘက်ကို ပြောင်းလဲရောက်ရှိလာတဲ့ အခါမှာကျတော့ တစ်ဆက်တည်းပါလာမယ့် အန္တရာယ်တွေကို ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် အန္တရာယ်တွေကို ကျွန်တော်တို့ဟာ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ အဆိပ်သင့်နေတဲ့ ပတ်ဝန်းကျင်က လွတ်မြောက်ပြီးတော့ သန့်ရှင်းတဲ့ ကမ္ဘာကြီးဖန်တီးဖို့ ကျွန်တော်တို့ လိုလားပါတယ်။ နောက်တစ်ခု ကျွန်တော် အန်တီမန်ထရက်ကလင် ပြောခဲ့တဲ့ စကားတစ်ခုရှိပါတယ်။ လူကောင်းတွေ ဘာမှမလုပ်ရင် မကောင်းတာတွေ ဖြစ်ပေါ်လာတယ်ဆိုပြီးတော့။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးပါ။

**အချိန်၊ ၁၁း၀၂**။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၂**။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း မင်္ဂလာနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မ အနေနဲ့ ပထမဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ ဖြေကြားရမည့် မေးခွန်း များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေး မှ တစ်ခုချင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း၏ မေးခွန်းနဲ့ စပ်လျဉ်း၍ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ်တွင် ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကု ဆေးရုံ(၁)ရုံ၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၃)ရုံ၊ စုစုပေါင်းဆေးရုံ(၄)ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန(၇)ဌာနတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက် ရှိပါတယ်။

သံလွင်ကျေးရွာတွင် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ရရှိပါက ကျေးရွာအုပ်စု(၆) အုပ်စု၊ ကျေးရွာပေါင်း(၄၀)၊ အိမ်ခြေ(၁၉၁၁)အိမ်ရှိ လူဦးရေ တစ်သောင်းကျော်တို့အား ကျန်းမာရေး စောင့်ရှောက်မှုလွှမ်းခြုံပေးနိုင်မည် ဖြစ်ပါသဖြင့် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိသည့် အခါ

လိုအပ်သောဝန်ထမ်းများအား ခန့်ထားပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၏မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်မဖြေကြားမှာဖြစ်ပါတယ်။ အဆိုပါ မေးခွန်းနဲ့ ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ပြန်ကြားချက်၊ တိုင်းဒေသကြီး/ပြည်နယ်/အစိုးရအဖွဲ့များ၏ တင်ပြချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန၏တင်ပြချက်များကို ကျွန်မအကျဉ်းချုပ်၍ တင်ပြမည် ဖြစ်သည့်အတွက် အချိန် အနည်းငယ်ပိုမိုယူခွင့်ပြုပါရန် ကြိုတင်၍ ပန်ကြားအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂(င)(ဇ) တွင်လည်း ညစ်ညမ်းမှုနှင့်ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ပြဋ္ဌာန်းပါရှိပြီးသည့် အားလျော်စွာ ပလပ်စတစ် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင် ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ ဖြစ်ပါသဖြင့် အထက်ပါ ဥပဒေပုဒ်မ အရ တားမြစ်ထားပြီးလည်းဖြစ်ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၃(စ) အရ အများပြည်သူနှင့် သက်ဆိုင်သည့် ဌာနများပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာ စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဟု ဖော်ပြထားပြီးသည့်အတိုင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနများမှလည်း အခြေခံပညာအထက်တန်းကျောင်းများ၌ လူထုလှုပ်ရှားမှု ဟောပြောပွဲများကို ၂၀၁၃ ခုနှစ်အတွင်းတွင် (၁၇၅)ကြိမ်၊၂၀၁၄ခုနှစ်တွင် ဟောပြောပွဲ (၁၇၈)ကြိမ် တို့အား ပလပ်စတစ်အိတ်သုံးစွဲမှုနှင့် ပလပ်စတစ် စွန့်ပစ်ပစ္စည်းများ၏ ဘေးအန္တရာယ်နှင့် ပတ်သက် သည့် အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ဘာဆယ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ရေး အတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ကွန်ဗင်းရှင်းဝင်ရောက်နိုင်ရေးအတွက် ခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလ (၆)ရက်နေ့မှစ၍ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်ပါသည်။ ဘာဆယ်ကွန်ဗင်းရှင်း အနေဖြင့် လူသားတို့၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများအား နိုင်ငံဖြတ်ကျော်သယ်ဆောင်ခြင်းများကို ထိန်းချုပ်ရန် ချုပ်ဆိုထားခြင်း ဖြစ်ပြီး ပလပ်စတစ်အိတ်သည် ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားခြင်းကြောင့် မြန်မာနိုင်ငံ သည် မကြာမီတွင် ပလပ်စတစ်အိတ်ပစ္စည်း စွန့်ပစ်မှုများကို ထိန်းချုပ်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနများ သည် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေး ဟောပြောပွဲများကို ကနဦးဆောင်ရွက်ခဲ့ပြီး အရှိန်အဟုန်မြင့် ပိုမိုတိုးတက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ပြင်ပ NGO အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသည် ရွှေဘိုမြို့တွင်လည်း ပလပ်စတစ်ကြွပ်ကြွပ်အိတ် အပါအဝင် စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ပညာပေးလုပ်ငန်းများကို

လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်ရုံးမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး မြစ်ကြီးနားမြို့ အမှိုက်သိမ်းစနစ်အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအပါအဝင် ကျောင်းသား၊ ကျောင်းသူများ၊ ကင်းထောက် လူငယ်မောင်မယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး စုပေါင်း အမှိုက်ကောက်ပွဲများ ပြုလုပ်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ၇(ဂ)တွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုများမဖြစ်စေရေး ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ လျော့နည်းပပျောက်ရေးတို့အတွက် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း ဟု ပါရှိသည့်အလျောက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့်လည်း ပလပ်စတစ်အိတ် သုံးစွဲမှုနှင့် ပလပ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ဘေးအန္တရာယ်များနှင့် ပတ်သက်သည့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး စီမံချက်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

ဆက်လက်၍ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအတွက် မူဝါဒနှင့် ဥပဒေမူဘောင်တစ်ရပ် ရေးဆွဲရန် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲ မှုအတွက် အမျိုးသားအဆင့်မဟာစီမံချက် (National Master Plan) ကို ပြုစုရေးဆွဲရန်နှင့် ဘာဆယ်ကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုတို့အတွက် နော်ဝေနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် နော်ဝေးပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ (Norwegian Environment Agency-NEA) နှင့် အစပျိုးဆောင်ရွက်လျက် ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇(ပ)တွင်လည်း အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များပါရှိပြီး ဖြစ်တဲ့အလျောက် ပလပ်စတစ်အိတ်နှင့် ပလပ်စတစ်စွန့်ပစ် ပစ္စည်းများသည် ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်းပစ္စည်းများဖြစ်သည့်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာ ရေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ (National Waste Management Strategy) သည် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းများတွင် ပလပ်စတစ်စွန့်ပစ်ပစ္စည်း (Plastic Waste )အား စီမံခန့်ခွဲမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အလားတူ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးစေသည့် အဖြူရောင်အန္တရာယ် (White Pollution) ဟု ခေါ်ဆိုသည့် ကြွပ်ကြွပ်အိတ် ခေါ် ပလပ်စတစ်အိတ်၏ ဆိုးကျိုးများကြောင့် သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ကျန်းမာရေးထိခိုက်မှုများနှင့် ဂေဟစနစ်များပျက်စီးမှုများကြောင့် ကမ္ဘာ့ နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကြွပ်ကြွပ်အိတ် အပါအဝင် ပလပ်စတစ်အိတ်များသုံးစွဲမှုကို ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများချမှတ်၍ တားမြစ် ပိတ်ပင်နေပြီ ဖြစ်ပါတယ်။ ပြည်သူလူထုများအား ပလပ်စတစ် ကြွပ်ကြွပ်အိတ်၏ ဘေးထွက်ဆိုးကျိုးများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ပညာပေး လှုံ့ဆော်ခြင်းများကို နိုင်ငံပိုင်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများမှတစ်ဆင့်

လှုံ့ဆော်မှုများကို အမျိုးသားတာဝန်တစ်ရပ်အနေဖြင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ရန်အတွက်လည်း အကြံပြုပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။

ပလပ်စတစ်ကြွပ်ကြွပ်အိတ်များအား အစားထိုးသုံးစွဲနိုင်မည့် ထုတ်ပိုးမှုများအဖြစ် ပြောင်းလဲ အစားထိုးနိုင်ရေးနှင့် ပြည်တွင်းတွင်ထုတ်လုပ်မှုမရှိရေး၊ ပြည်ပမှ တင်သွင်းမှုလျှော့ချရေးကိုလည်း ဆောင်ရွက်ရန်အတွက် အစီအစဥ်များရေးဆွဲလျက် ရှိပါတယ်။ ဈေးများမှာ ပြည်သူများ ပလပ်စတစ်အိတ် အသုံးမပြုရေး၊ အသုံးပြုပါက အမှိုက်ခွဲခြားစွန့်ပစ်ရေး၊ စနစ်တကျစီမံခန့်ခွဲ၍ စည်းရုံးပညာပေးမှုများအား တွင်ကျယ်စွာ ဆောင်ရွက်သင့်သည့်အပြင် တိုးတက်လာသော ခေတ်နှင့်အညီ ပြည်သူများမှ စည်းကမ်း ပြည့်ဝစွာ လိုက်နာပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက ခွဲခြားစွန့်ပစ်သော ပလပ်စတစ်များအား မီးရှို့ ဖျက်စီးရန် ယန္တရားတည်ထောင်ခြင်းအဖြစ် ဆောင်ရွက်သင့်ကြောင်းလည်း ပြည်နယ်/တိုင်း/ အစိုးရ အဖွဲ့များမှ အကြံပြုတင်ပြထားပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှု မှာလည်း ကြွပ်ကြွပ်အိတ်အသုံးပြုမှုအား လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်း(၅)သွယ်ဖြစ်သည့် ကြွပ်ကြွပ် အိတ်အသုံးပြုရန် မလိုအပ်ပါက သုံးစွဲရန် ငြင်းပယ်ခြင်း (Reject)၊ ကြွပ်ကြွပ်အိတ်အစားထိုး အသုံးပြုရန် အတွက် ချည်အိတ်များ၊ စက္ကူအိတ်များနှင့် အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်တို့ကို အသုံးပြု၍ ကြွပ်ကြွပ်အိတ်အား လျှော့ချခြင်း (Reduce)၊ ကြွပ်ကြွပ်အိတ်များအား အမှိုက်အဖြစ် စွန့်ပစ်ခြင်း မပြုလုပ်ဘဲ ပြန်လည်အသုံးပြုခြင်း (Reuse)၊ ကုန်ကြမ်းအဖြစ် အသုံးပြုပြီး ပြန်လည် ထုတ်လုပ်ခြင်း (Recycle)နှင့် သုံးပြီးအိတ်ခွံများအား စုထားပြီး ပြန်လည်အသုံးပြုနိုင်သော နေရာသို့ ပေးပို့ခြင်း (Return) စသည့် နည်းလမ်းများဖြင့် ပြည်သူလူထုအား ကြွပ်ကြွပ်အိတ်၊ ပလပ်စတစ်အိတ်များ၏ ဆိုးကျိုးများကို အသိအမြင် ဗဟုသုတရရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသိပညာပေးခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ထိခိုက်မှုမရှိစေရန် ပြည်သူလူထုမှ ပူးပေါင်း ပါဝင်လာရေးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများနှင့် အသိပညာပေးရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်း ကျင် ကျန်းမာရေးဌာနခွဲမှာ မူလကတည်းက ဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်း ကောင်းမွန်ရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ပါ၍ ပလပ်စတစ်အိတ် သုံးစွဲမှု လျော့နည်းပပျောက်ရေးကို ကျန်းမာရေးဝန်ကြီးဌာနမှ နှစ်စဥ်ကျင်းပလျက် ရှိသည့် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်တိုင်းတွင် ၂၀၀၈ ခုနှစ်မှစ၍ ပလပ်စတစ်အိတ် မသုံးစွဲရေးအတွက် ပြည်သူလူထုအတွင်း စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့်လည်းကောင်း၊ ပညာပေးခြင်း အားဖြင့်လည်းကောင်း သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့်(၂) ဦး ရှိပါတယ်။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဆေးရုံသွား။

နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ထပ်မံတင်ပြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ဥပဒေကြမ်းကော်မတီ၏
အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၂၇၆
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်

၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ၂၆-၃-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က အမျိုးသား ပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်များဖြင့် အမျိုးသားလွှတ်တော်သို့ ၇-၄- ၂၀၁၅ ရက်နေ့တွင် ပြန်လည်ပေးပို့လာသည့်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တို့က အကြံပြုဆွေးနွေးခဲ့ပါတယ်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ကော်မရှင်တို့သည် အမျိုးသား ပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော် ကိုယ်စားလှယ် များနှင့် တွေ့ဆုံ၍ အကြံပြုချက် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အတည်ပြု ခဲ့ပါသည်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းအပိုဒ် ၃၊ မူလ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသည့် ပြင်ဆင်ချက်များကို အရေးအသား ကျစ်လျစ်မှု ရှိစေရန်အတွက်လည်းကောင်း၊ အပိုဒ် ၆၊ မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ယ)ပါ ပြင်ဆင်ချက်များသည် ကျွမ်းကျင်သူနှင့် ပညာရှင်အဆင့် မတူညီသည့်အတွက် ၎င်းနှစ်မျိုးကို ပေါင်းစည်းသုံးနှုန်းရန် မသင့်လျော်၍လည်းကောင်း၊ အပိုဒ် ၈၊ မူလဥပဒေ ပုဒ်မ၂၊ ပုဒ်မခွဲ(ဠ)တွင် ဖော်ပြထားသော ပြင်ဆင်ချက်များကို ကောင်စီ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာတက္ကသိုလ်၏ ဆရာသမဂ္ဂကိုယ်စားလှယ်၊ ကျောင်းသား သမဂ္ဂမှ အမည်စာရင်း တင်သွင်းသည့် ဘွဲ့ရပုဂ္ဂိုလ်ကိုယ်စားလှယ်များ ပါဝင်ရန် လိုအပ်၍လည်းကောင်း၊ အပိုဒ် ၉၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(အ) အဖြစ် အသစ်ဖြည့်စွက် ထားခြင်းနှင့်ပတ်သက်၍ ဝေါဟာရ အသုံးအနှုန်း အဓိပ္ပာယ်ကိုက်ညီမှု ရှိစေရန် အတွက်လည်းကောင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က) မူလဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ) ကို ပြင်ဆင်အစားထိုးခြင်းနှင့် စပ်လျဉ်း၍ ပိုမိုပြည့်စုံစေရန်အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၁၁၊ အပိုဒ်ခွဲ(င) ရှိ မူလ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဇ) ၏ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(ဋ)တွင် ပါရှိသော "လက်ခံမည့်" ဟူသည့်စကားရပ်ကို "တက်ရောက်မည့် တက္ကသိုလ် ပဋိညာဉ်နှင့်အညီ ဝင်ခွင့်ရရှိစေရန်အတွက် တက်ရောက်လိုသည့်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၃၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)တွင်ပါရှိသော "သက်ဆိုင်ရာ ပညာရေး ဥပဒေများ၏ နည်းဥပဒေများတွင်" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ ပညာရေး နည်းဥပဒေများတွင်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင် သင့်ကြောင်း သဘောတူညီခဲ့ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၁၂ တွင် ဖော်ပြထားသော မူလဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အပေါ် ပြင်ဆင်အစားထိုးခြင်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လုပ်ငန်းတာဝန်များ ပိုမိုပေါ်လွင်မှုရှိစေရန်အတွက် လည်းကောင်း၊ အပိုဒ် ၂၃၊ မူလဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ) ကို ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ပိုမိုပြည့်စုံမှုရှိစေရန်အတွက်လည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာထားရှိသင့်ပါကြောင်း သဘောတူညီခဲ့ပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၅၊ မူလဥပဒေပုဒ်မ ၁၉ ကို တိုင်းရင်းသားဘာသာစကားကို ရှေးဦးကလေးသူငယ်ပညာရေးမှစ၍ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့နှင့် တွဲဖက် အသုံးပြုနိုင်ရန်အတွက် မပယ်ဖျက်သင့်ဘဲ "မိခင်တိုင်းရင်းသားဘာသာစကား"ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားဆိုသည့်" စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၁၊ မူလဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)၊(ဂ)၊(ဃ)၊(င)၊(စ)နှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားသည့် ပုဒ်မခွဲ(ခ) တို့တွင် ပါရှိသော "မိခင်တိုင်းရင်းသားဘာသာစကား" ဆိုသည့်စကားရပ်ကို ပိုမိုဆီလျော်မှုရှိစေရန်အတွက် "တိုင်းရင်းသားဘာသာစကား" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ပြီး အမျိုးသားလွှတ်တော်၏ ထပ်မံပြင်ဆင်ချက် အတိုင်း အတည်ပြုသင့်ပါကြောင်း ညှိနှိုင်းသဘော တူညီခဲ့ကြပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၁၁၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) နှင့် အပိုဒ် ၂၃၊ မူလဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ(က)တို့၏ ပြင်ဆင်ချက်၊ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသည့် အပိုဒ် ၂၀၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ အပိုဒ် ၄၂၊ ပုဒ်မ ၅၈၊ ပုဒ်မခွဲ(ဇ) နှင့် အပိုဒ် ၄၇၊ ပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ညှိနှိုင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(စ) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၂၂၊ မူလဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)တွင်ပါရှိသော "တက်ရောက်မည့်" ဆိုသည့်စကားရပ်ကို အဓိပ္ပာယ် ပေါ်လွင်မှု ရှိစေရန်အတွက် "တက်ရောက်လိုသည့်" ဆိုသည့်စကားရပ်ဖြင့် အစားထိုး

ပြင်ဆင်ပြီး ပုဒ်မခွဲ(ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြပါ သည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၂၅၊ မူလဥပဒေပုဒ်မ ၃၉ နှင့် အပိုဒ် ၂၈၊ မူလဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)တို့တွင်ပါရှိသော "ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ" ဆိုသည့်စကားရပ်ကို "အခိပ္ပာယ်ပေါ်လွင်ပြည့်စုံမှု ရှိစေရန်အတွက် ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသား သင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီ" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၁၊ ပုဒ်မ ၃၅ တွင် ဖော်ပြထားသော စကားရပ်များအစား "အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေး ပညာရေး ကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ် တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့် ကိုက်ညီမှု ရှိစေရမည်" ဟူ၍လည်းကောင်း အသီးသီးပြင်ဆင် အစားထိုးသင့်ကြောင်း ညှိနှိုင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(ဇ) ပြည်သူ့လွှတ်တော်မှ ပယ်ဖျက်သည့် အမျိုးသားလွှတ်တော်က အတည်ပြုပြီးဖြစ်သော အပိုဒ် ၁၄၊ မူလဥပဒေပုဒ်မ ၁၇၊ အပိုဒ် ၂၆ ၊ မူလဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ(ဠ)၊ အပိုဒ် ၃၃၊ မူလ ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ(ဆ)၊ အပိုဒ် ၃၉၊ မူလဥပဒေပုဒ်မ ၄၉ ၏ နောက်တွင် အသစ် ဖြည့်စွက်ထားသည့် ပုဒ်မ ၄၉-က၊ ပုဒ်မ ၄၉-ခ နှင့် အပိုဒ် ၅၈၊ မူလဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(ခ)၏နောက်တွင် အသစ်ဖြည့်စွက်ထားသည့် ပုဒ်မခွဲ(ဂ) တို့ကို မပယ်ဖျက်သင့်ဘဲ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ထားရှိသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၂၇၊ မူလဥပဒေ ပုဒ်မ ၄၀ တွင် ဖော်ပြထားသည့် ပြင်ဆင်အစားထိုးချက်များနှင့် စပ်လျဉ်း၍ ကော်မတီ ဖွဲ့စည်းပုံ ပိုမိုတိကျမှုရှိစေရန်အတွက်လည်းကောင်း၊ အပိုဒ် ၃၁ ၏ ခြေဆင်းနှင့် အသစ်ဖြည့်စွက်ထားသည့် ပုဒ်မ ၄၃(ခ)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ပိုင်ခွင့် ရှိစေရန်အတွက်လည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းသာ ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(ည) ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သော အပိုဒ် ၃၄၊ မူလဥပဒေပုဒ်မ ၄၃ ၏နောက်တွင် အသစ်ဖြည့်စွက်ထားသော ပုဒ်မ ၄၃-က နှင့် အပိုဒ် ၃၈၊ မူလဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ဇ)၏နောက်တွင် အသစ်ဖြည့်စွက်ထားသည့် ပုဒ်မခွဲ(ဈ)တို့သည် တည်ဆဲဥပဒေတွင်ပါရှိပြီးဖြစ်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။ ပြည်သူ့လွှတ်တော်မှ တည်ဆဲဥပဒေအတိုင်းသာ ထားရှိသင့်၍

ပယ်ဖျက်ထားသော အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အပိုဒ် ၄၄၊ မူလဥပဒေ ပုဒ်မ ၅၅ နှင့် အပိုဒ် ၄၆၊ မူလဥပဒေပုဒ်မ ၅၆ (ခ) တို့ကို မပယ်ဖျက်သင့်ဘဲ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းသာထားရှိသင့်ပါကြောင်း သဘောတူညီမှုရရှိခဲ့ပါသည်။

(၎) ပြည်သူ့လွှတ်တော်ကအတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၃၈၊ မူလဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)၊ အပိုဒ်၄၁၊ မူလဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ(ခ)၊ အပိုဒ်၄၄၊ မူလဥပဒေ ပုဒ်မ ၆၀ နှင့် အပိုဒ် ၄၅၊ မူလဥပဒေပုဒ်မ ၆၂၊ ပုဒ်မခွဲ (က) တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ထားရှိသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(၅) ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသော အပိုဒ် ၄၂ ပါ ပုဒ်မ ၅၈၊ ပုဒ်မခွဲ(ဆ) ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(၃) အထက်ပါ အကြံပြုဆွေးနွေးခဲ့သည့် ပုဒ်မများအပြင် ကျန်သဘောကွဲလွဲသည့် ပုဒ်မ များ ဖြစ်သော -

(၁) ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသော အမျိုးသားလွှတ်တော်က အတည်ပြုပြီးဖြစ်သည့် အပိုဒ် ၁၀၊ မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ)၊ အပိုဒ် ၁၂၊ မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၅)နှင့် (၆)၊ အပိုဒ် ၄၁၊ မူလဥပဒေပုဒ်မ ၅၁ နှင့် ၅၂၊ အပိုဒ် ၄၃၊ မူလဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ)၊ အပိုဒ် ၄၄၊ မူလဥပဒေ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့် (စ)၊ အပိုဒ် ၄၉ နှင့် အပိုဒ် ၅၆၊ မူလဥပဒေ ပုဒ်မ ၆၆ တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုသည့်အတိုင်းသာ ထားရှိသင့်ပါကြောင်း သဘောတူညီခဲ့ပါသည်။

(၂) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်ဥပဒေကြမ်း အပိုဒ် ၁၀ ၏ ခြေဆင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)ပါ မူလဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(စ)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(င) ပါ မူလဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၅)နှင့်(၃)၊ အပိုဒ် ၁၂၊ အခန်း(၄) ခေါင်းစဉ်၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(က) ၏ခြေဆင်း၊ အပိုဒ် ၁၂၊ မူလဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က) နှင့် (ဃ)၊ အပိုဒ် ၁၉၊ မူလ ဥပဒေပုဒ်မ ၂၇၊ အပိုဒ်၂၄၊ မူလ ဥပဒေပုဒ်မ ၃၈၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ခ)ခြေဆင်း၊ အပိုဒ်၃၅၊ မူလဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၃၆၊ မူလဥပဒေပုဒ်မ ၅၃၊ အပိုဒ် ၃၉၊ မူလဥပဒေ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ)နှင့်(ဃ)၊ အပိုဒ် ၄၁၊ မူလဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ(င)၊ အပိုဒ် ၄၆၊ မူလဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ(က)၊ အပိုဒ် ၄၈၊ မူလ ဥပဒေပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် အသစ် ဖြည့်စွက်ထားသော ပုဒ်မခွဲ(ဂ)နှင့် အပိုဒ် ၅၀၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ထားရှိ သင့်ပါသည်။

(၃) ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသည့် အပိုဒ် ၁၂၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(င) နှင့် အပိုဒ်၁၂၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဈ)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း သဘောတူညီခဲ့ကြပါသည်။

(၄) ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသည့် ပုဒ်မ ၂၄၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဂ)၊ အပိုဒ် ၄၀၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ဂ)နှင့် အပိုဒ် ၄၃ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း သဘောတူညီမှုရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်က မူလအတည်ပြုခဲ့သည့်အတိုင်းသာ ထားရှိသင့်သည့် ပုဒ်မ (၄၄)ခု၊ အမျိုးသားလွှတ်တော်က ပြန်လည်ပြင်ဆင်ထားသည့် ပုဒ်မ(၈)ခုနှင့် မလိုအပ်၍ ပယ်ဖျက်သင့်သော ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ(၄)ခုတို့အပေါ် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များအား ပြည်ထောင်စုလွှတ်တော်၌ အဆုံးအဖြတ်ခံယူသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူသွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ကန့်ကွက်ရန်၊ ဆွေးနွေးရန်ရှိပါက အချိန်မရွေး မိုက်တောင်းနိုင်ပါတယ်။

ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

အပိုဒ် ၁၁ ပုဒ်မ ၄(ဂ)၊ အပိုဒ် ၁၂ ပုဒ်မ ၅(င)၊ အပိုဒ် ၁၂ ပုဒ်မ ၆(ဈ)၊ အပိုဒ် ၂၀ ပုဒ်မ ၂၈(က)၊ အပိုဒ် ၂၃ ပုဒ်မ ၃၇(က)၊ အပိုဒ် ၄၂ ပုဒ်မ ၅၈(ဇ)၊ အပိုဒ် ၄၇ ပုဒ်မ ၆၄(ခ) တို့ကို ဥပဒေကြမ်း ကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြချက်ကို သဘောတူ/ မတူ လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့်

အပိုဒ် ၃၄ နှင့် အပိုဒ် ၃၈ တို့ကို ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြ ထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၁၀ ပုဒ်မ၃(ဈ)၊ အပိုဒ် ၁၂ ပုဒ်မ ၅(က) (၅) နှင့်(၆)၊ အပိုဒ် ၁၄၊ အပိုဒ် ၂၆ ပုဒ်မ ၃၉(ဋ)၊ အပိုဒ် ၂၇ ပုဒ်မ ၄၀ (က)(၁)မှ(၉)အထိ၊ (ခ)(ဂ)(ဃ) (င) (စ)(ဆ)(ဇ)(၁)(၂)၊ အပိုဒ် ၃၁ ပုဒ်မ ၄၃ (ဆ)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၁၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၆ ပုဒ်မ ၅၆(ခ)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၆ နှင့် အပိုဒ် ၅၈ တို့ကို ဥပဒေကြမ်း ကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၃ ပုဒ်မ ၂(ဆ)၊ အပိုဒ် ၆ ပုဒ်မ ၂(ယ)၊ အပိုဒ် ၈ ပုဒ်မ ၂(ဠ)၊ အပိုဒ် ၉ ပုဒ်မ ၂(အ)၊ အပိုဒ် ၁၀ ခေါင်းစဉ်၊ အပိုဒ် ၁၁ ပုဒ်မ ၄ (ခ) (ဂ) (ဃ)(ဍ)၊ အပိုဒ် ၁၂ ပုဒ်မ ၅(ခ)(ဃ)၊ အပိုဒ် ၆(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၃ ပုဒ်မ ၃၇(ခ)၊ အပိုဒ် ၂၄ ပုဒ်မ ၃၈(က)(ခ)၊ အပိုဒ် ၂၆ ပုဒ်မ ၃၉(ခ)၊ အပိုဒ် ၃၅ ပုဒ်မ ၅၀(ခ)၊ အပိုဒ် ၃၆ ပုဒ်မ ၅၃(က)(ခ)(ဂ)၊ အပိုဒ် ၃၈ ပုဒ်မ ၅၆(က)၊ အပိုဒ် ၃၉ ပုဒ်မ ၅၇ (ခ)(ဃ)၊ အပိုဒ် ၄၁ ပုဒ်မ ၅၈(ခ)(င)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ပုဒ်မ ၆၃(က)၊ အပိုဒ် ၄၈ နှင့် အပိုဒ် ၅၀ တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခဏလေး၊ မိုက်တောင်းလေ။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အပိုဒ် ၈(ဠ) ကျွန်တော်တို့ အမျိုးသားလွှတ်တော်က တက္ကသိုလ်ဆရာသမဂ္ဂ၏ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂ၏ ကိုယ်စားလှယ်လို့ ပါပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ကိုယ်စားလှယ်များ၊ ဆရာကိုယ်စားလှယ်၊ ကျောင်းသားကိုယ်စားလှယ်လို့ ပါ ပါတယ်။ ကျွန်တော်တင်ပြလိုတာက ဒီ ဆရာတစ်ယောက်ဟာ တော်နေမယ်။ ဒီလို ကောင်စီမှာလည်း ပါဖို့ အရည်အချင်းရှိတယ်။ သို့သော် သူက သမဂ္ဂဝင်ချင်မှ ဝင်မယ်။ အဲဒီလူကို သမဂ္ဂဝင်မှ ကောင်စီဖြစ်မယ်ဆိုတဲ့ ပုံစံမျိုး ကျွန်တော်တို့ အမျိုးသားလွှတ်တော်က သတ်မှတ်ထားတာ ကျွန်တော့်အနေနဲ့ သဘောမတူပါဘူး။ ပြည်သူ့လွှတ်တော်ကလိုပဲ ဆရာကိုယ်စားလှယ်၊ ကျောင်းသားကိုယ်စားလှယ်ဆိုရင် လုံလောက်ပါတယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ဥက္ကဋ္ဌရဲ့ အစီအစဉ်အတိုင်း ကျွန်တော်တို့ အချိန်ယူပြီး ဒါ ကြားနာထားတဲ့ကိစ္စ ဖြစ်ပါတယ်။ ကြားနာ သဘောတူညီချက်အရ ဒီအချက်က ထည့်ရန်လိုအပ်တယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီအချက်ကို ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၈၊ ပုဒ်မ ၂(ဠ) ကို သဘောမတူတဲ့ ပုဂ္ဂိုလ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့သဘောထားမှတ်ချက်ကို မူတည်ပြီး အပိုဒ် ၈၊ ပုဒ်မ ၂(ဠ)ကို လွှတ်တော်ရဲ့ ဆန္ဒခံယူမှာ ဖြစ်ပါတယ်။ ထောက်ခံလို့ရှိရင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ဖြစ်ပါတယ်။ ကန့်ကွက်ရင် ဦးလှဆွေ ရဲ့ တင်ပြချက်အတိုင်း ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၈၅)၊ ကန့်ကွက်(၈၁)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၁၊ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ်(၃)

(င) (၃)တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူ ကိုယ်တိုင်ရွေးချယ် လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာ အထက်တန်းစာမေးပွဲရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်း မဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့် စနစ် ထားရှိရေး ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၊ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ်(၄) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၊ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ်(၄) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃

၁၃။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဂ) ပုဒ်မခွဲ(က)ပါ ပညာရေးအဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှု အဆင့်ကို စစ်ဆေး အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပညာရေး နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၅

၁၅။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၁၉ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၉။ မြန်မာနိုင်ငံတွင်နေထိုင်သည့် တိုင်းရင်းသား လူမျိုးများ၏ ကလေးများအတွက် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားကို သင်ကြားမှု ဘာသာစကားအဖြစ် ရှေးဦး ကလေးသူငယ် ပညာရေး မှ

စ၍ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့နှင့် တွဲဖက်အသုံးပြု ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၂(ခ)

၂၂။ (ခ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ် ဝင်ခွင့်သည် အခြေခံပညာ အထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်း မဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့် စနစ် ထားရှိကျင့်သုံးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၃

၂၃။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့် ပညာရေး အဆင့်အတန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် နိုင်ငံခြား တက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့် ကိုက်ညီမှု ရှိစေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၇

၂၇။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၃၉ တွင် ပါရှိသော "ကော်မရှင်" ဆိုသည့် စကားရပ်ကို "ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၀

၃၀။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)တွင် ပါရှိသော "ကော်မရှင်" ဆိုသည့် စကားရပ်ကို "ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၀ သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၃

၃၃။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၃။ (က) သင်ကြားရေးတွင် ဘာသာစကား သုံးမျိုးစနစ်ဖြစ်သော မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကား၊ အင်္ဂလိပ်ဘာသာ စကားတို့ကို အသုံးပြုသင်ကြားနိုင်သည်။

(ခ) တိုင်းရင်းသားဘာသာစကား အမျိုးအစားတို့ကို ရွေးချယ်အသုံးပြုရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ဆုံးဖြတ်ခွင့် ရှိသည်။

(ဂ) တိုင်းရင်းသားဘာသာ စကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများ အသုံးပြုပြီး ကျန်ဘာသာရပ်များကို တိုင်းရင်းသားဘာသာစကားဖြင့် မူလတန်းအဆင့်တွင် သတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူခွင့်ရှိသည်။

(ဃ) တိုင်းရင်းသားလူမျိုးများစွာ နေထိုင်သော မြို့ပေါ်ကျောင်းများတွင် သင်ယူသူများ သည် မြန်မာဘာသာစကားကို ကျွမ်းကျင်ပြီးဖြစ်ပါက မြန်မာဘာသာ စကားကို တိုင်းရင်းသား ဘာသာ စကားအဖြစ် အသုံးပြု သင်ကြားခွင့် ရှိသည်။

(င) တိုင်းရင်းသားဘာသာစကားကို မူကြိုပညာရေးနှင့် သူငယ်တန်းပညာရေးတွင် (၁၀၀) ရာခိုင်နှုန်း

**ဥက္ကဋ္ဌ**။ ။ ရာခိုင်နှုန်းဆိုတာ သင်္ကေတနဲ့ မပြပါနဲ့ စာနဲ့ရေးပါ။

မူလတန်း အောက်အဆင့်တွင် (၆၀)ရာခိုင်နှုန်း မူလတန်း အထက်အဆင့်တွင် (၄၀) ရာခိုင်နှုန်း သင်ကြားခွင့် ရှိသည်။

( စ ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြု ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃ သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သင်္ကေတ ဆိုတာ တကယ်တော့ ဂဏန်းသင်္ချာမှာ သုံးတာ၊ စာမှာ မသုံးရဘူး။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၇ ခြေဆင်း

၄၇။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ (စ)၏ နောက်တွင် ပုဒ်မခွဲ (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၇ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၇ ခြေဆင်းသည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်

အပိုဒ် ၂၄ ပုဒ်မ ၃၈(ဂ)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂ ပုဒ်မ ၅၈(ဆ)၊ အပိုဒ် ၄၃ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၂း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ (က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၂။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲတဲ့အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန်အတွက် ကျွန်တော် ဦးတင်မြ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းအပ်ပါတယ်။ အားလုံး လေးစားပါတယ်။

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကိုပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၅၃။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၅၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် ငါးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝတရားရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြား ခြင်းဆိုင်ရာ ဥပဒေကြမ်းရဲ့ အပေါ်မှာ ခြုံငုံသုံးသပ်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းရဲ့ အပေါ်မှာ (၁) ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပေးထားသော အခြေခံလူ့အခွင့်အရေးနှင့် ဘာသာရေးလွတ်လပ်ခွင့် အခွင့်အရေးများ။ (၂) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် (၃) ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ အထူးအက် ဥပဒေပါ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများဆိုတဲ့ အချက်(၃)ချက်အပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဖြစ်ပြီး၊ အခြား အခြားသော ဥပဒေများ၏ မြစ်ဖျားခံရာ ရင်းမြစ်ကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ ပုဒ်မ ၆ တွင် နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား ထွန်းကားရေး ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၁(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားခွင့်ရှိသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်။

ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့်ပေးရမည် ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၆၂ တွင် နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာ တည်သောနေ့၌ နိုင်ငံတော်တွင် တည်ရှိနေသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည် ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၆၄ တွင် နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဂိုဏ်း နှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေ ပြဋ္ဌာန်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကြည့်ခြင်း အားဖြင့် နိုင်ငံသားများအတွက် အခြေခံလူ့အခွင့်အရေး၊ တန်းတူညီမျှမှု အခွင့်အရေးနဲ့ ဘာသာရေး လွတ်လပ်ခွင့်များ ပေးထားတာကို ထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၂)တွင် လူတိုင်းသည် လူ့အခွင့်အရေး ကြေညာစာတမ်း တွင် ဖော်ပြထားသည့် အခွင့်အရေးအားလုံး လွတ်လပ်ခွင့်အားလုံးတို့ကို ပိုင်ဆိုင်ခံစား ခွင့်ရှိသည်။ လူမျိုး

နွယ်အားဖြင့် ဖြစ်စေ၊ အသားအရောင်အားဖြင့် ဖြစ်စေ၊ ကျား/မ သဘာဝအားဖြင့် ဖြစ်စေ၊ ဘာသာစကား ဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် အခြား ယူဆချက်အားဖြင့် ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့် ဆိုင်သော ဇစ်မြစ် အားဖြင့် ဖြစ်စေ၊ ပစ္စည်းဥစ္စာ ဂုဏ်အားဖြင့် ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြားအဆင့်အတန်း အားဖြင့် ဖြစ်စေ ခွဲခြားခြင်း မရှိစေရဟူ၍ လည်းကောင်း၊ အပိုဒ်(၇)တွင် လူသား အားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့် အပြင် ဥပဒေ၏ အကာအကွယ်ကို ခြားနားခြင်း မခံရစေဘဲ တူညီစွာ ခံစား ပိုင်ခွင့်ရှိသည်ဟူ၍ လည်းကောင်း၊ အပိုဒ်(၁၆)(၁)တွင် အရွယ်ရောက်ပြီးသော ယောကျ်ားနှင့် မိန်းမတို့ တွင် လူမျိုးကိုသော် လည်းကောင်း၊ နိုင်ငံသားအဖြစ်ကိုသော် လည်းကောင်း၊ ကိုးကွယ်သည့် ဘာသာကို သော် လည်းကောင်း အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်း မရှိဘဲ ထိမ်းမြားနိုင်ခွင့်နှင့် မိသားစု ထူထောင်နိုင်ခွင့်ရှိသည်။

အဆိုပါ ယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ် အချိန်အတွင်း၌ လည်းကောင်း၊ အိမ်ထောင်ကို ဖျက်သိမ်း၍ ကွာရှင်းကြသည့် အခါ၌လည်းကောင်း၊ လက်ထပ်ပေါင်းသင်း အိမ်ထောင်ပြုခြင်းနှင့် စပ်လျဉ်းသော တူညီသည့် အခွင့်အရေးများကို ရရှိထိုက်သည်ဟူ၍ ပြဋ္ဌာန်းထားပါ တယ်။ ဤပြဋ္ဌာန်းချက်များသည်လည်း လူသားတိုင်းအတွက် အခြေခံလူ့အခွင့်အရေး၊ တန်းတူညီမျှမှု အခွင့်အရေးနှင့် ဘာသာရေးလွတ်လပ်ခွင့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း မည်သည့်အကြောင်းနှင့်မျှ ခွဲခြားမှု မရှိစေဘဲ ပေးအပ်ထားတာကို တွေ့ရှိရပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ ထိမ်းမြား လက်ထပ်ခြင်း နှင့် အမွေဆက်ခံခြင်းဆိုင်ရာ အထူးအက်ဥပဒေမှာဆိုရင်လည်း ဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးထားတဲ့ အာရှတိုက်ရဲ့ တစ်ခုတည်းသော ဥပဒေလို့ ပညာရှင်တွေက ဆိုကြပါတယ်။ အဲဒီ ဥပဒေရဲ့ ပုဒ်မ ၂၀ တွင် လက်ထပ်ထိမ်းမြားတဲ့ အပေါ်မှာ ဘယ်လို မှတ်ပုံတင် ရတယ်ဆိုတာ ပြဋ္ဌာန်းထားပြီး၊ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ အမျိုးသားတွေနဲ့ လက်ထပ် ထိမ်းမြားတဲ့ ဗုဒ္ဓ ဘာသာဝင် အမျိုးသမီးတွေရဲ့ အခြေအနေကို မြှင့်တင်ပေးထားတာကို တွေ့နိုင်ပါတယ်။ ဒ့ါအပြင် ပုဒ်မ ၂၄ တွင် ပစ္စည်းပိုင်ဆိုင်ခွင့် ကိစ္စကို လည်းကောင်း၊ ပုဒ်မ ၂၅ တွင် လင်မယား ကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှု၊ သားသမီးထိန်းသိမ်းမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ လည်းကောင်း၊ ပုဒ်မ ၂၆ တွင် အမွေ ဆက်ခံမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍လည်းကောင်း၊ ပုဒ်မ ၂၇ တွင် သားသမီးများ တရား ဝင်ဆိုင်ရာ အခွင့်အရေးများကိုလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားတာကို တွေ့ ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ထပ်ထိမ်းမြားခြင်းဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂလိကနဲ့ ဆိုင်တဲ့ အရေးကိစ္စဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်း ထိန်းချုပ်ကန့်သတ်၍ မရနိုင်သော မရ စကောင်းသော ကိစ္စလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လူတစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂလိကဘဝကို ဥပဒေဘောင်တစ်ခုအတွင်းသို့ အတင်း အကျပ် သွတ်သွင်းခြင်းဟာ ဒီမိုကရေစီရဲ့ တန်ဖိုးကိုပါ လျော့ကျစေနိုင်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဗုဒ္ဓဘာသာဝင် မဟုတ် သော အခြား ဘာသာဝင် နိုင်ငံသား အမျိုးသမီးများ၏ အခွင့်အရေးများကိုလည်း ထည့်သွင်းစဉ်းစားသင့် ပါတယ်။ သို့မဟုတ်ပါက ခွဲခြားဆက်ဆံသည့် သဘောကို ဆောင်နိုင်ပါတယ်။ ဥပဒေပါ အခွင့်အရေးများ နှင့် အရေးယူမည့် ပြဋ္ဌာန်းချက်များသည့် ကျား/မ ခွဲခြားကန့်သတ်မှုမျိုး မဖြစ်အောင် ထည့်သွင်းစဉ်းစား

သင့်ပါတယ်။ ဘာသာရေးဆိုင်ရာ ဥပဒေများ၊ ဓလေ့ထုံးတမ်းဥပဒေများကို အသစ်ရေးဆွဲရာ၌ လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်ရာ၌ လည်းကောင်း နိုင်ငံအတွင်းရှိ နိုင်ငံသားအားလုံး၊ လူမျိုးအားလုံး၊ ဘာသာဝင်အားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံ လူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ရရှိစေနိုင်ဖို့ ဦးတည် ဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ လက်ရှိတည်ဆဲ ဥပဒေတစ်ရပ်ဖြစ်သော ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ အထူးအက်ဥပဒေဟာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေရဲ့ အခွင့်အရေးကို အပြည့်အဝ ကာကွယ်ပေးထားပြီး ဖြစ်နေပါတယ်။ လိုအပ်ပါက ထို ဥပဒေကိုပဲ ခေတ်ကာလနဲ့ လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။ အကယ်၍ အသစ်ရေးဆွဲမယ် ဆိုရင်လည်း ဖွဲ့စည်းပုံအခြေခံပါ လူ့အခွင့်အရေးများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်းပါ ကြေညာချက်များ၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ စာချုပ်စာတမ်းများ နှင့်ကိုက်ညီအောင် ရေးဆွဲသင့်ပါတယ်။

သို့ဖြစ်ပါ၍ ဤဥပဒေကို ယခုအခြေအနေမှာ အတည်မပြုသင့်သေးပါကြောင်း အကြံပြု ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၂၄။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး နှလုံး စိတ်ဝမ်း အေးချမ်းပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော်ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ယခု ဤဥပဒေကြမ်းမှာတော့ ကျွန်တော်အနေနဲ့ကတော့ ပြည်သူ့လွှတ်တော် က ယူဆတဲ့အပိုင်းနဲ့ အမျိုးသားလွှတ်တော်က ယူဆတဲ့အပိုင်း နှစ်ပိုင်းမှာ ကွဲပြားခြားနားတာကိုပဲ နှိုင်းယှဉ်ပြီးတော့ ဘယ်ဟာကိုဖြင့် လက်ခံသင့်တယ်။ ဘယ်ဟာကိုဖြင့် လက်မခံသင့်ဘူးလို့ဘဲ အကြမ်းဖျင်းအားဖြင့် ဆွေးနွေးဖို့ ရှိပါတယ်။ အဲဒီတော့ အမှတ်စဉ်(၃) အပိုင်း(၂)(ခ)မှာ အမျိုးသား လွှတ်တော် ဥပဒေကြမ်း ကော်မတီက အတည်ပြုထားတဲ့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနဲ့ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ား တို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးတို့နဲ့ သက်ဆိုင်သည့် အငြင်းပွားမှုကို ဤဥပဒေနှင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ဆုံးဖြတ်ရ မည်ဆိုတဲ့ အပိုင်းကို ကျွန်တော်သဘောတူပါတယ်။

နောက် အမှတ်စဉ် (၇)၊ အခန်း(၃) မူလအပိုဒ် ၉ မှာပါတဲ့ ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမမရှိစေရ၊ အဲဒီအဆိုကို ပြည်သူ့လွှတ်တော်ကလည်း ထောက်ခံထားပါတယ်။ ဒါပေမဲ့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိသူ ဖြစ်ရ မည်ဆိုတဲ့ ဥပဒေစကားကိုပဲ ကျွန်တော်အနေနဲ့ ထောက်ခံပါတယ်။

နောက် အပိုဒ် ၁၂၊ အခန်း(၄) မူလ အပိုဒ် (၁၄) မှာဆိုလို့ရှိရင် မူလဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ထိမ်းမြားမည့် မိန်းမသည် အသက်(၂၀)နှစ် မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူ ထံတွင်လည်းကောင်း အဲဒါကို ပြည်သူ့လွှတ်တော်ကလည်း အဆိုအတိုင်းပဲ လက်ခံထား ပါတယ်။ အမျိုးသား လွှတ်တော်ကတော့ ထိမ်းမြားမည့် မိန်းမသည် အသက်(၁၈)နှစ်မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူထံသို့ လည်းကောင်းဆိုတော့ (၁၈)နှစ်မပြည့်သေးဆိုတဲ့စကားအစား မူလမှာ ပါထားတဲ့ အသက်(၂၀)နှစ် မပြည့်သေးလျှင်ဆိုတဲ့ အပိုဒ်ကို ကျွန်တော်က ထောက်ခံပါတယ်။

နောက်ပြီးတော့ အမှတ်စဉ် ၁၆၊ အခန်း(၄) မူလအပိုဒ်(၁၈)(င)မှာ ပြည်သူ့လွှတ်တော်ကတော့ ထိုအမိန့်ကို ကျေနပ်မှုမရှိပါက သက်ဆိုင်ရာ ခရိုင်တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည်ဟု ပြောထားပြီးတော့ အမျိုးသားလွှတ်တော်ကတော့ ထိုအမိန့်ကို ကျေနပ်မှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ခွင့်ရှိ သည်လို့ ပြောထားတာမှာ ပြည်သူ့လွှတ်တော်က အဆိုပေးထားတဲ့အတိုင်းပဲ အမိန့်ကို မကျေနပ်ပါက သက်ဆိုင်ရာ ခရိုင်တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည်ဆိုတာကို ကျွန်တော်သဘောတူပါတယ်ခင်ဗျား။

နောက် အပိုဒ် ၂၂၊ အခန်း(၅) မူလအပိုဒ် (၂၄)မှာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို နည်း အမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုကို စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာ ဘာသာသို့ ဖြစ်စေ၊ အခြား ဘာသာတစ်မျိုးမျိုးသို့ ဖြစ်စေ ကူးပြောင်းကိုးကွယ်မှု မပြုစေရဆိုတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အဆို ကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြန်မာဗုဒ္ဓဘာသာဝင် မိန်းမ၏ ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာ ဘာသာသို့ဖြစ်စေ၊ အခြား ဘာသာသို့တစ်မျိုးမျိုးသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်မှုမပြုရလို့ ပြောထားပါတယ်။ အမျိုးသားလွှတ်တော် ကော်မတီရဲ့ အဆိုပြုချက်အတိုင်းပဲ ကျွန်တော်ထောက်ခံပါတယ်။

နောက်ပြီး အမှတ်စဉ် (၂၃)၊ အခန်း(၅)၊ အပိုဒ် (၂၅)မှာ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်း ကော်မတီရဲ့ အပိုဒ် (၂၀)၊ (က)(ခ)(ဂ)။ (ဂ)မှာ ၎င်းမိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းနိုင်စွမ်းမရှိ ပါက သားသမီးများ၏ အကျိုးအရှိဆုံး အလို့ငှာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်ဆိုတာကို အမျိုးသားလွှတ်တော်ကနေပြီး ပယ်ဖျက်ထားပါတယ်။ အဲဒီ ပယ်ဖျက်ချက်ကို ကျွန်တော် ထောက်ခံ ပါတယ်။

နောက် အမှတ်စဉ် (၂၅)၊ အခန်း(၆)၊ မူလအပိုဒ် (၂၆)မှာ ပြည်သူ့လွှတ်တော်က ၂၁(ခ) ထိုလင်မယားသည် စတင် ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်ကာလတွင်မဆို ဤဥပဒေအရ မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၄ အရ ထိုသူတို့ကို မိမိထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၅ နှင့် ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက် ရမည်။ အဲဒါကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ထိုလင်မယားသည် စတင်ပေါင်းဖက် သည့် နေ့မှစ၍ မည်သည့်ကာလတွင်မဆို ဤဥပဒေအရ တစ်ဦးဦးက ဆိုပြီးတော့ ပြုပြင်ဖြည့်စွက်ထားပါ တယ်။ အဲဒါကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အဆိုအတိုင်း ကျွန်တော်ထောက်ခံ ပါတယ်။ နောက်ပြီးတော့ အမှတ်စဉ်(၂၇)၊ အခန်း (၇) မူလအပိုဒ်(၂၇)မှာ (ဆ)မြို့နယ်တရားရုံးမှ ချမှတ် သော အမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးနှင့် အယူခံဝင်ခွင့်ရှိစေရမည်။ ခရိုင်တရားရုံးက ချမှတ် သောအမိန့်သည် အပြီးသတ်ဖြစ်စေရမည်။ (ဆ)မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့် ရှိသည့် ခရိုင်တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည်ဆိုပြီး ပြည်သူ့လွှတ်တော်က အဆိုပြုထား ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြို့နယ်တရားရုံးကချမှတ်သောအမိန့်ကို တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ခွင့်ရှိသည် လို့ပြောထားပါတယ်။ အဲဒီမှာတော့ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တင်ပြတဲ့အပိုဒ် မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည် ဆိုတာကို ကျွန်တော် ထောက်ခံပါတယ်။ နောက် အခန်း(၉)၊ မူလ အမှတ်စဉ်(၃၂)မှာ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြန်မာဗုဒ္ဓဘာသာဝင် မိန်းမသည် သား သမီးအားလုံးကို အုပ်ထိန်းခွင့်ရှိရမည်။ (ဂ)၎င်းမိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းနိုင်စွမ်း မရှိပါက သားသမီးများ၏ အကျိုးအရှိဆုံးအလို့ငှာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည် ဆိုတာကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ အဲဒီပယ်ဖျက်ချက်ကို ကျွန်တော် ထောက်ခံပါတယ်။

နောက်အမှတ်စဉ် ၂၆၊ အပိုဒ်(၉) ၃၄ မှာ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၎င်းမိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းနိုင်စွမ်းမရှိပါက သားသမီးများ၏ အကျိုးအရှိဆုံးအလို့ငှာ တရားရုံး၏အဆုံးအဖြတ်ကို ခံယူရမည်။ အဲဒီအပိုဒ်ကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ က ပယ်ဖျက်ထားပါတယ်။ အဲဒီ ပယ်ဖျက်ချက်ကို ကျွန်တော် ထောက်ခံပါတယ်။ နောက် အမှတ်စဉ် ၃၇၊ အခန်း(၁၀)၊ မူလအမှတ်စဉ် ၄၃ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ်(၃၈) ဤ ဥပဒေပါ ပြစ်မှုများကို ရဲအရေး ပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည် ဆိုတဲ့အပိုဒ်ကို အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ အဲဒီပယ်ဖျက်ထားချက်ကို ကျွန်တော် ထောက်ခံ ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၃။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်ကြီးများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းများတောင်းရင်းနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာပထမ ဥပဒေမူကြမ်းရဲ့ခေါင်းစီးနဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ ဥပဒေမူကြမ်းရဲ့ ခေါင်းစီးကို မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်း ဆိုင်ရာ ဥပဒေလို့ ရေးသားဖော်ပြထားပါတယ်။ ဥပဒေမူကြမ်းရဲ့ အပိုဒ် ၄၄ မှာ ၁၉၅၄ ခုနှစ် မြန်မာဗုဒ္ဓ ဘာသာ မိန်းမများ အထူးထိမ်းမြားမှုနဲ့ အမွေဆက်ခံမှု အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် အဲဒီလို ဖော်ပြထားပါတယ်။ ဒါကြောင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားမှုနဲ့ အမွေ ဆက်ခံမှု အက်ဥပဒေနဲ့ တူညီစွာ စကားရပ်များကို သုံးနှုန်းပြဋ္ဌာန်းဖို့ မလိုအပ်တော့ပါဘူး။ ယခုအခါ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံမှာ ဥပဒေများ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ အဖွဲ့အစည်းများနဲ့

ကော်မတီများဖွဲ့စည်းရာတွင်လည်းကောင်း မိန်းမဟူသော စကားရပ်ကို ခေါ်ဝေါ်သုံးစွဲခြင်းမပြုဘဲ အမျိုးသမီးဟူသော စကားရပ်ကို အများအပြားသုံးစွဲပြီး ယောကျာ်းဟူသောစကားရပ်ကိုလည်းခေါ်ဝေါ် သုံးစွဲခြင်းမပြုဘဲ အမျိုးသားဟူသော စကားရပ်ကို အများအပြား ခေါ်ဝေါ်သုံးစွဲနေကြပြီဖြစ်ပါတယ်။ အမျိုးသမီးဟူသော စကားရပ်နဲ့ အမျိုးသားဟူသော စကားရပ်ဟာ မိန်းမဟူသော စကားရပ်နဲ့ ယောကျာ်း ဟူသော စကားရပ်များထက် ပိုမိုယဉ်ကျေးသိမ်မွေ့တယ်လို့ ယူဆပါတယ်။ ဒါ့အပြင် မိန်းမ ယောကျာ်း ဟူသော စကားရပ်များ၌လည်း အဓိပ္ပာယ်လုံးဝခြားနားခြင်း မရှိပါဘူး။ ဒါကြောင့် ဥပဒေမူကြမ်းရဲ့ ခေါင်းစီးမှာ ပါရှိတဲ့ မိန်းမဟူသော စကားရပ်ကို အမျိုးသမီးဟူ၍ ပြောင်းလဲသင့်ပါကြောင်းနဲ့ ခေါင်းစီး အောက်မှာပါရှိတဲ့ မိန်းမနဲ့ ယောကျာ်းဟူသော စကားရပ်များကိုလည်း အမျိုးသမီးနဲ့အမျိုးသားဟူ၍ ပြောင်းလဲသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဥပဒေမူကြမ်း အပိုဒ် ၄၀ အပိုဒ် ၄၁၊ အပိုဒ် ၄၂ တို့နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြပါမယ်။ ဥပဒေမူကြမ်း အပိုဒ် ၄၀ မှာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅ အရဟူ၍ လည်းကောင်း၊ အပိုဒ် ၄၁ မှာ ရာဇသတ်ကြီး ပုဒ်မ ၂၉၅(က)အရဟူ၍ လည်းကောင်းဖော်ပြထားပြီး အပိုဒ် ၄၂ မှာတော့ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၉၉ ဟူ၍ ရေးသားဖော်ပြထားပါတယ်။ ဥပဒေဆိုတဲ့ စကားရပ် မပါရှိပါဘူး။ မြန်မာနိုင်ငံကို အင်္ဂလိပ်လူမျိုးတို့ သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ်က ဥပဒေများကို အင်္ဂလိပ် ဘာသာဖြင့် ပုံနှိပ်ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပမာအားဖြင့် The Penal Code ၊ The Code of Criminal Procedure ၊ The Code of Civil Procedure အပါအဝင် ဥပဒေအများအပြားကို ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့ အခါမှာ (The Penal Code)ကို ရာဇသတ်ကြီးဥပဒေ ဟူ၍ လည်းကောင်း၊ (The Code of Criminal Procedure )ကို ရာဇဝတ်ကျင့်ထုံးဥပဒေဟူ၍လည်း ကောင်း၊ (The Code of Civil Procedure ) ကို တရားမကျင့်ထုံး ဥပဒေ ဟူ၍လည်းကောင်း၊ တရားဝင် မြန်မာဘာသာ ပြန်ပြီး စာအုပ်ထုတ်ဝေခဲ့ပါတယ်။ ဒါပေမဲ့ ဒီ Penal Code ကို တရားဝင် မြန်မာဘာသာ ပြန်ပြီး စာအုပ်ထုတ်ဝေတဲ့အခါမှာ ဥပဒေ ဟူသော စကားရပ်မပါရှိဘဲ ရာဇသတ်ကြီးလို့ပဲ ပြဋ္ဌာန်း ခဲ့ပါတယ်။ ဒါကြောင့် ဥပဒေမူကြမ်းအပိုဒ် ၄၀ နဲ့ ၄၁ တို့မှာ ရာဇသတ်ကြီးဥပဒေဟူ၍ ရေးသား ဖော်ပြထားခြင်းများကို ရာဇသတ်ကြီးဟူ၍ ရေးသားဖော်ပြပြဋ္ဌာန်းသင့်ပါကြောင်းနှင့် ဥပဒေဟူသော စကားရပ်များကို ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဥပဒေမူကြမ်းအပိုဒ် ၂၇(ဆ)မှာ မြို့နယ်တရားရုံးမှ ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့်ခရိုင်တရားရုံး၌ အယူခံဝင်ခွင့် ရှိစေရမည်။ ခရိုင်တရားရုံးကချမှတ်သော အမိန့်သည် အပြီးသတ် ဖြစ်ရမည်လို့ရေးသားထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာ မြို့နယ်တရားရုံးကချမှတ်တဲ့အမိန့်ကို ခရိုင်တရားရုံးမှာ အယူခံ ဝင်ခွင့် ရှိပါတယ်။ ခရိုင်တရားရုံးကချမှတ်တဲ့အမိန့်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် တရားရုံးများမှာ အယူခံဝင်ခွင့်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်က ချမှတ်တဲ့ အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ အထူးအယူခံခွင့်ရှိပါတယ်။ ဒါကြောင့် ဒီအပိုဒ် ၂၇(ဆ)မှာ ခရိုင်တရားရုံးကချမှတ်သောအမိန့်သည် အပြီးသတ်ဖြစ်ရမည်ဆိုတဲ့ စာသားကို ပယ်ဖျက် သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၈။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေ။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့်အကြောင်းအရာကတော့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း ဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်နဲ့ပတ်သက်ပြီးတော့ ပထမဆုံးဆွေးနွေးရမယ်ဆိုရင် ကျွန်တော်တို့မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားမှုနဲ့ အမွေဆက်ခံမှုအက်ဥပဒေလို့ ခေါင်းစဉ်ကိုပြင်ဆင်လိုပါတယ်။ ဘာကြောင့်လည်းဆိုရင် အခုနက ဒီ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးကျော်ထွန်းအောင်လည်းဆွေးနွေးသွားပါတယ်။ အခြေခံ ဥပဒေမှာ ဒီ ပါဝင်တဲ့ အချက်ကလေး ပုဒ်မ ၃၄၈ မှာ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရ ဆိုပြီး တော့ ဒီလိုမျိုးကျွန်တော်တို့ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များမှာ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ ဒီနေရာမှာ မိန်းမများဆိုတဲ့နေရာမှာ အမျိုးသမီးများလို့ ပြောင်းလဲစေချင် ပါတယ်။ နောက်တစ်ခုကတော့ ဒီခေါင်းစဉ်ကိုပြောင်းရတယ်ဆိုတဲ့နေရာမှာလည်း မူလဥပဒေရဲ့ ၁၉၅၄ ခုနှစ် ဥပဒေရဲ့ခေါင်းစဉ်ကို ဆွဲယူသုံးစွဲတဲ့နေရာမှာလည်းအမွေဆက်ခံမှုဆိုတဲ့ဟာကို သုံးစွဲရတာ ကတော့ ဥပဒေကြမ်းမှာ၊ ကျွန်တော်တို့လက်ရှိပြဋ္ဌာန်းထားတဲ့ဥပဒေကြမ်းမှာလည်း အမွေဆက်ခံမှုကို ထည့်သွင်း ထားတဲ့အတွက်ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒီ ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ်လိုက်တဲ့၊ ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ အတည်ပြုလိုက်တဲ့ အခန်း(၂)၊ ပုဒ်မ ၄ (က) မှာတော့ မူလအတိုင်း ထားရှိဖို့အတွက် အဆိုပြုလိုပါတယ်။ နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်သူများ မဖြစ်စေရဆိုတဲ့ အချက်ကို သဘောတူညီပါတယ်။ ပုဒ်မ ၄ ရဲ့ (ခ) ဖြစ်တဲ့ အချက်မှာတော့၊ ဒီနေရာမှာ တော့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီသွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက် ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲဆိုတဲ့ အပိုဒ်ကို ဒီအပိုဒ်ကလေးကိုဖျက်ပြီးတော့ မိမိတို့၏ လွတ်လပ်သော ဆန္ဒအရ ထိမ်းမြားရန် သဘော တူညီခြင်း ဖြစ်ရမည်ဆိုတဲ့အချက်ကို ထည့်သွင်းချင်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ သွေးဆောင်တာတို့၊ အနိုင်အထက်ပြုတာတို့၊ မလျော်သြဇာ သုံးတာတို့၊ လိမ်လည်လှည့်ဖြားတာတို့၊ အလွဲပြောဆိုတယ်ဆိုတဲ့ဝေါဟာရတွေနဲ့ ပတ်သက်လာရင် မတိကျဘူး။ စိတ်ရဲ့အလိုရသုံးစွဲနိုင်တဲ့ဝေါဟာရတွေ ဖြစ်တဲ့အတွက် တိကျစေချင်တဲ့အတွက် ဖြစ်ပါတယ် ခင်ဗျား။ နောက်တစ်ခုကတော့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုထားတဲ့အခန်း(၂)၊ ပုဒ်မ ၄ ရဲ့ (ဂ)၊ (ဃ)၊ (င)။ (ဂ)၊ (ဃ)၊ (င) က အချက်တွေကို ပယ်ဖျက်စေလိုပါတယ် ခင်ဗျား။ ပယ်ဖျက်ဖို့

တင်ပြလိုပါတယ်။ (ဂ)အချက်အနေနဲ့က အသက်(၂၀)နှစ် မပြည့်သေးတဲ့မိန်းမဖြစ်လျှင် မိဘ၏ သဘောတူညီချက်သော် လည်းကောင်း၊ မိဘတို့သေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်ဆိုတဲ့အချက်မှာ ဒီအသက်(၁၈)နှစ် ပြည့်ပြီးပြီဆိုလျှင် အရွယ်ရောက်ပြီးတဲ့ လူတစ်ယောက်အနေနဲ့ ဒီသဘော တူညီချက်တွေကိုမလိုအပ်ဘူး။ သူ့အနေနဲ့။ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ ဒီလိုပဲ ကျွန်တော်တို့ အနေနဲ့ နားလည်ထားပါတယ်။

နောက်တစ်ခုကတော့ (ဃ)နဲ့(င)မှာ ပါတဲ့အချက်ကို ပယ်ဖျက်လိုတာကတော့ ရာဇသတ်ကြီး ပုဒ်မ မှာ ဒီအချက်က ကျွန်တော်တို့ ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်ခင်ဗျား။ ရာဇသတ်ကြီးပုဒ်မ ၄၉၄ မှာ မည်သူမဆိုအသက်ရှင်သောလင်ဖြစ်စေ၊ မယားဖြစ်စေ ရှိသည်ဖြစ်၍ နောက်ထပ်ထိမ်းမြားရာတွင် ထိုလင်ဖြစ်စေ၊ ထိုမယားဖြစ်စေ အသက်ရှင်လျက်ရှိခြင်းကြောင့် ထိမ်းမြားခြင်းအတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားလျှင် ထိုသူကို (၇)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ရာဇသတ်ကြီးမှာ ဒီလိုပဲ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းထားတဲ့ အချက်တွေ၊ ဥပဒေတွေရှိပါလျက်နဲ့ ဒါတွေကို ကျွန်တော်တို့ ထပ်မံဖြည့်စွက်နေမယ်ဆိုလျှင် ကျွန်တော်တို့ ဥပဒေအရ ရှုပ်ထွေးမှုတွေအများကြီး ဖြစ်လာနိုင်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူ့လွှတ်တော်ရဲ့အခန်း(၃)၊ ပုဒ်မ ၉(က) အဲဒီမှာ ကျွန်တော်တို့ (၁)၊ (၂)၊ (၃) နဲ့ပတ်သက်ပြီးတော့၊ ပုဒ်မ (၁)၊ (၂)၊ (၃) နဲ့ဆက်စပ်ပြီးတော့ ဆွေးနွေးလိုတာ ဖြစ်ပါတယ်။ အဲဒီမှာတော့ ကျွန်တော်တို့ အခန်း(၃) ပုဒ်မ ၉(က) ရဲ့ (၁)၊ (၂)၊ (၃)ကို ပယ်ဖျက်စေလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရှေ့အခန်းတွေမှာလည်း အခန်း(၃)မှာလည်း ပယ်ဖျက်ပြီးသား ဖြစ်တဲ့အတွက် ဒီအချက်တွေကိုလည်း ကျွန်တော်တို့ နောက်ဆက်တွဲအရ ပယ်ဖျက်လိုတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတဲ့အခန်း(၄) ပုဒ်မ ၁၉ မှာ ပါတဲ့ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဥ်း၍ ဆိုတာနှင့်ပတ်သက်ပြီးတော့ (က) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့် ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။ (ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ရရှိသည့် သားသမီးများအား ၎င်းတို့သဘောဆန္ဒအတိုင်း သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်ဆိုတဲ့ ဒီအပိုဒ်နဲ့ ပတ်သက်ပြီးတော့ လွတ်လပ်စွာကိုးကွယ်ခွင့်ရှေ့နှစ်ခုမှာ ကျွန်တော်တို့ ပေးထားပါတယ်။ ဒါကြောင့် ဒီအချက်ကိုတော့ ကျွန်တော်တို့အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းကို ထားရှိစေချင်ပါတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ (ဂ)၊ (ဃ)၊ (င) မှာပါတဲ့ အချက်တွေအနေနဲ့ ဒီ (ဂ)မှာပါတဲ့ လင်နှင့်မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီ၊ ပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာရဟန်း သံဃာတော်များ ထားရှိကိုးကွယ်ခြင်းကို ခွင့်ပြုရမည်။(ဃ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဘာသာရေးအရ အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက် ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များ၊ ထားရှိလေ့လာ ဖတ်ရှုခြင်း၊ ကြည့်ရှုခြင်း၊ နာကြားခြင်းတို့ကို ခွင့်ပြုရမည်။

(င) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှု ကို စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ဖြစ်စေ ကူးပြောင်း ကိုးကွယ်မှု မပြုစေရဆိုတဲ့ အချက်တွေအနေနဲ့ကတော့ ကျွန်တော်တို့ ဒီဟာကတော့ လွတ်လပ်စွာ ကိုးကွယ်မှုကို ပြုလုပ်ပြီးဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေအနေနဲ့ မိမိတို့ဆန္ဒအတိုင်းကို ဆောင်ရွက်ပိုင် ခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ရှေ့မှာပြဋ္ဌာန်းထားပြီးတဲ့ ဒီ(က)နဲ့ (ခ)အချက်ဟာ လုံလောက်မှုကို ကျွန်တော်တို့ အပြည့်အဝရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနကပြောတဲ့ အချက် (ဂ)၊ (ဃ)၊ (င) က ကျွန်တော်တို့ ပယ်ဖျက်ဖို့လိုအပ်ပါတယ်။ ဟို အပိုပြဋ္ဌာန်းချက်ဖြစ်သွားမှာ စိုးရိမ်တဲ့ အတွက် ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူ့လွှတ်တော်ရဲ့အခန်း(၄) ပုဒ်မ ၁၉၊ ပုဒ်မ ၁၉ ရဲ့ (စ)၊ (ဆ) ကိုလည်း ဒီအတိုင်းပဲ ကျွန်တော်တို့ပယ်ဖျက်ဖို့ ဖြစ်ပါတယ်။ (စ)မှာဆိုရင်လည်း ဒီအတိုင်းပဲ။ ရာဇသတ်ကြီး ပုဒ်မ ၂၉၅ အရ ကျွန်တော်တို့ တရားစွဲဆိုနိုင်တယ်ဆိုတာကို ပြဋ္ဌာန်းထားပါတယ်။ အချိန်ကို ငဲ့ကွက်တဲ့အနေနဲ့ ကျွန်တော် ဥပဒေပုဒ်မတွေကိုတော့ မဖတ်ပြတော့ပါဘူးခင်ဗျား။ နောက်တစ်ခု (ဆ)နဲ့ ပတ်သက်ပြီးတော့ ဒီအတိုင်းပဲ။ ရာဇသတ်ကြီးပုဒ်မ ၂၉၅(က)အရလည်း တရားစွဲဆိုနိုင်တယ်လို့ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဥပဒေတွေက ပြဋ္ဌာန်းထားပြီးသား ဖြစ်တဲ့အတွက် ဒီနေရာမှာ ထပ်မံပြီးတော့ ကျွန်တော်တို့ အနေနဲ့ ဒီဟာကို ထပ်မံဖြည့်စွက်မယ်ဆိုရင် ဝေါဟာရတွေ၊ ဥပဒေနဲ့ပတ်သက်တဲ့ နောက်ဆက်တွဲ ကျွန်တော်တို့ ပြစ်မှု၊ ပြစ်ဒဏ်တွေမှာ အကုန်ရှုပ်ထွေးမှုတွေ အများအပြားဖြစ်မှာကိုလည်း ကျွန်တော့် အနေနဲ့ စိုးရိမ်မိပါတယ်။ ဒီ့အတွက်တင်ပြရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူ့လွှတ်တော်ရဲ့ အခန်း ၄၊ ပုဒ်မ ၂၀ မှာ ပုဒ်မခွဲငယ် (က)မှာ ပါတဲ့ ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သော အစုကို စွန့်လွှတ်ရမည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမအား လျော်ကြေးပေးရမည်ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေး လိုပါတယ်။

ဒီနေရာမှာတော့ ခုနက လင်ယောကျ်ားအနေနဲ့ လင်မယားနှစ်ဦးပိုင်ပစ္စည်းတွေကို မိမိရထိုက် တဲ့ အစုကို စွန့်လွှတ်ရမည်ဆိုရင် လုံလောက်ပါတယ်။ စွန့်လွှတ်ပြီး ဖြစ်သည်။ လျော်ကြေးပေးရမည် ဆိုတဲ့အချက်ကို ထည့်လိုက်တဲ့အခါမှာ လျော်ကြေးဆိုတာက ဘယ်သူက ဆုံးဖြတ်မှာလဲ။ ဘယ်လောက် ပေးရမှာလဲ။ အဲဒီလို တိတိကျကျ ဖော်ပြထားတာမရှိတဲ့အတွက် ဥပဒေမှာ ဒါဟာ အများကြီး အငြင်းပွား စရာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကိုတော့ ခုနက လျော်ကြေးပေးရမည် ဆိုတဲ့ နေရာမှာ တိကျတဲ့ ဖော်ပြထားမှုတွေ မရှိတဲ့အတွက် ဒီဟာကိုတော့ ပယ်ဖျက်စေချင်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတဲ့အချက်ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြု လိုက်တဲ့ အခန်း ၄၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲငယ်(က) ကိုတော့ ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင် ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည်လို့သာ အတည်ပြု ပြဋ္ဌာန်းပေးသင့်ပါကြောင်း တင်ပြ လိုပါတယ်။

နောက်ဆုံးတစ်ခုအနေနဲ့တော့ အခန်း ၆၊ ပုဒ်မ ၂၂ ရဲ့ (က)မှာပါ။ (က)မှာ မြန်မာဗုဒ္ဓ ဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ

မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင် အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင် အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည် ဆိုတဲ့ အချက်ကို ကျွန်တော့်အနေနဲ့ အတည်ပြုပြဋ္ဌာန်းသင့်တယ်လို့ ဆွေးနွေးလိုပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ဒီသတင်းပေးတာကို တိတိပပ လက်မှတ်ရေးထိုးဖို့ လိုအပ်ပါတယ်။ အဲဒီလို မပြုလုပ်ဘူး ဆိုမယ်ဆိုရင် ဘယ်သူက တိုင်မှန်းလည်း မသိဘူး။ ဘယ်သူဘယ်ဝါ တိုင်မှန်း မသိဘဲနဲ့ ပြဿနာတွေကို ကိုင်တွယ်မယ် ဆိုရင် မြန်မာအမျိုးသမီးတွေအတွက် နစ်နာပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာတော့ ဒီအချက် ကလေးကို ထည့်သွင်းတာကို အတည်ပြု ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ အားလုံးကို ကျေးဇူးတင် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၄၉။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ စိတ်၏အေးချမ်းခြင်း၊ ကိုယ်၏ အေးချမ်း ခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မက မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်မလည်း ခရီးတွေ ထွက်နေတဲ့အခါကျတော့ ပြန်လာပြီးတဲ့အခါကျတော့ စာရွက်တွေကလည်း ပြည့်ပြည့်စုံစုံမပါဘူး။ သို့သော်လည်း ကျွန်မ ဥပဒေအသေးစိတ်ကို ပုဒ်မ တစ်ခုချင်းကို ပြောတာထက် စောစောက ဦးမင်းဦး၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ဦး ပြောသွားသလိုပဲ ကျွန်မလည်း ဒီဥပဒေနဲ့ ပတ်သက်လို့ နည်းနည်းတော့ ကျွန်မကို ပြောခွင့်ပြုပါလို့ ကျွန်မက တင်ပြပါရစေ။

ဘာလို့လည်းဆိုတော့ အခုအချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံမှာ အမျိုးသမီးဦးရေဟာ ထက်ဝက် ကျော် ရှိတယ်ဆိုတာ ဒါ လူတိုင်းအကုန်လုံး အသိပါပဲ။ အဲဒီတော့ ဒီလောက်များပြားတဲ့ အမျိုးသမီးထုရဲ့ လိုအပ်နေတဲ့ အခြေအနေတွေ၊ ဥပဒေတွေကို ပြဋ္ဌာန်းပေးဖို့ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်မှာ တာဝန်ရှိ ပါတယ်။ အဲဒီတော့ ဒီဥပဒေတစ်ခု ထွက်လာဖို့ကို ကန့်ကွက်မယ်လို့ ဆိုပြီးတော့မှ သန္နိဋ္ဌာန်ချပြီးတော့ စီစဉ်နေတဲ့ဟာတွေ ရှိနေတာလည်း ကျွန်မတို့က အသိဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေဟာ မဖြစ်မနေ လိုအပ်တယ်ဆိုတာကိုလည်း ကျွန်မက ဒီကနေ ထပ်ဆင့်ပြီးတော့ အစီရင်ခံချင်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေကြမ်း မဆွေးနွေးမီမှာ အစောက ပြောထားသလိုပဲ ကျွန်မ နည်းနည်းလေး အစီရင်ခံခွင့်ပြုပါ။ ဒါကတော့ မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းနဲ့ ပတ်သက်ပြီးတော့ လက်လှမ်းမီသလောက် ကျွန်မ လေ့လာတွေ့ရှိချက်များအရ ရှေးပုဂံခေတ် နောက်ပိုင်းပေါ့။ ပုဂံခေတ် နောက်ပိုင်းမှာ ဝါရီဒူ ဓမ္မသတ်က ယောကျ်ားနှင့် မိန်းမ အကြင်လင်မယား ဖြစ်ဖို့ ထိမ်းမြားဖို့ လိုတယ်လို့ ဆိုပါတယ်။ အဲဒီအထောက်အထားတွေအရ အဲဒီ ထိမ်းမြားခြင်းဆိုတာက မိဘက ထိမ်းမြားပေးမှ မိဘက သဘောတူပြီး ထိမ်းမြားပေးမှ သူက အကြင် လင်မယားအရာ မြောက်ပြီးတော့ မိဘက သဘောမတူဘူး ဆိုလို့ရှိရင် သားသမီးဘယ်လောက်ပဲရရ မိဘက ပြန်ပြီးတော့ ပြန်သိမ်းခွင့် ရှိတယ် လို့ အဲဒီလို ပြဋ္ဌာန်းထားတယ်လို့ လေ့လာတွေ့ရှိရပါတယ်။

နောက်တစ်ခါ ကုန်းဘောင်ခေတ် မနုကြယ် ဓမ္မသတ်မှာ ပါတဲ့ အထောက်အထားတွေ အရကျတော့ မိဘက ထိမ်းမြားပေးပေမယ့် သမီးက မကျေနပ်ဘူးဆိုလို့ရှိရင် မိဘထံကို ပြန်လာတယ်။ မိဘက ပြန်ပို့တယ်။ နောက်တစ်ခါ ပြန်လာတယ်၊ ပြန်ပို့တယ်။ (၃)ခါအထိ ခွင့်ပြုပြီးတော့ အဲဒီက ကျော်ပြီဆိုလို့ရှိရင်တော့ ဒါဟာ ထိမ်းမြားလက်ထပ်ခြင်း ပျက်ပြားတယ် ဆိုပြီးတော့မှ အဲဒီလို ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ နောက် ကုန်းဘောင်ခေတ် နှောင်းပိုင်းကျတော့ ဒီလို ဓမ္မသတ်အရပါပဲ။ နှစ်ဖက် မိဘက သဘောတူလို့ စေ့စပ်သော်ငြားလည်းပဲ ကာယကံရှင်ကို မေးလို့ ကာယကံရှင်က သဘောမတူဘူး ဆိုရင် အဲဒါမှာ လက်ထပ်တဲ့အဆင့်ကို မရောက်ဘဲနဲ့တောင်မှဘဲ ထိမ်းမြားတာ ပျက်ပါတယ်လို့ အဲဒီလို ဆိုတော့ တဖြည်းဖြည်းနဲ့ လူ့အခွင့်အရေးကို အလေးအနက် ထားလာတယ်။ နောက် ကာယကံရှင်တွေရဲ့ သဘောကို လိုက်လျောလာတယ် ဆိုတာကို တဖြည်းဖြည်းနဲ့ ကာလရွေ့လျောလာတဲ့အခါမှာ ပြတဲ့သဘော ဖြစ်ပါတယ်။

သို့သော်ငြားလည်းပဲ ကျွန်မတို့ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေနဲ့ တခြားဘာသာ နိုင်ငံခြားသားတွေနဲ့ လက်ထပ်တဲ့အခါမှာ တွေ့ရတဲ့ နစ်နာချက်ကလေးပေါ့နော်။ သာဓကလေး နှစ်ခု လောက်နဲ့ ကျွန်မ အစီရင်ခံချင်ပါတယ်။ အဲဒါကတော့ ဘာလည်းဆိုတော့ သီပေါမင်းရဲ့ လက်ထက်မှာ ခရစ်ယာန်အမျိုးသားနဲ့ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီး တစ်ယောက်နဲ့ ဗုဒ္ဓဘာသာ ထုံးစံနဲ့ လက်ထပ်ပြီးတော့ သူတို့ ပေါင်းသင်းနေထိုင်ကြတယ်။ နေထိုင်ပြီးတဲ့နောက် တော်တော်ကြာတော့မှ ၁၈၇၂ ခုနှစ်မှာ ခရစ်ယာန်ထိမ်းမြားခြင်းဥပဒေကို သူတို့ပြဋ္ဌာန်းခဲ့တယ်။ ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်း ကျတော့မှ အဲဒီ ခရစ်ယာန်အမျိုးသားဟာ သေဆုံးတယ်။ သေဆုံးတော့ အဲဒီအမျိုးသမီးကို ခရစ်ယာန် အမျိုးသားရဲ့ နှမကနေပြီးတော့ လာပြီးတဲ့အခါကျတော့မှ ဒီအမွေကို မရထိုက်ဘူး။ ဘာလို့လည်းဆိုတော့ သူတို့က ဒီဥပဒေအရ လက်ထပ်ထားတာ မဟုတ်တဲ့အတွက်လို့ လာပြီးတော့ ပြဿနာရှာပေမယ့် သူတို့ လက်ထပ်တဲ့ အချိန်တုန်းက ဒီဥပဒေမပေါ်ပေါက်သေးတဲ့အတွက် အဲဒီအချိန်တုန်းက ဒီအမျိုးသမီးဟာ ဒီအမွေကို ရခဲ့ပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာတော့ ဒီ ၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ထိမ်းမြားခြင်း ဥပဒေရှိတဲ့ အတွက် မြန်မာအမျိုးသမီးတွေဟာ အမွေဆက်ခံခွင့်ကို ဆုံးရှုံးခဲ့ရတယ်။

နောက်တစ်ခုက ဘာလည်းဆိုတဲ့အခါကျတော့ ကျွန်မတို့ မြန်မာနိုင်ငံမှာနေတဲ့ တရုတ်၊ မြန်မာ အမျိုးသမီးနဲ့ရတယ်။ မြန်မာလိုပဲ လက်ထပ်တယ်။ နောက်ကျတော့ တရုတ်ကဆုံးတယ်။ ဆုံးတဲ့အခါ ကျတော့ မြန်မာအမျိုးသမီး အမွေမရဘူး။ ဘာလို့လည်းဆိုတော့ တရုတ်ထုံးစံအရ လက်မထပ်လို့ မြန်မာအမျိုးသမီးက မရဘူး။ အဲဒီအခါကျတော့ မြန်မာဘက်မှာ ကျွန်မတို့ အမျိုးသမီးတွေအတွက် တကယ် Safe ဖြစ်တဲ့ တကယ် ကာကွယ်ထားတဲ့ ဥပဒေမရှိဘူး။ အဲဒီတော့ ၁၉၃၉ ခုနှစ်မှာ ကျွန်မတို့ ပြဿနာဖြစ်တဲ့အခါကျတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ပဋိပက္ခဖြစ်တဲ့အခါမှာ ဒီဗုဒ္ဓဘာသာအမျိုးသမီးတွေအတွက် ဗုဒ္ဓဘာသာအမျိုးသမီးများ အထူးထိမ်းမြားမှုနဲ့ အမွေဆက်ခံမှု အက်ဥပဒေဆိုပြီးတော့ ရေးဆွဲတယ်။ ရေးဆွဲပြီးတော့ ကျွန်မတို့ မြန်မာနိုင်ငံသူ/နိုင်ငံသားတွေက ဘာကို တောင်းဆိုသလည်းဆိုတဲ့အခါကျတော့ တရားရုံးတွေမှာ ဥပဒေချင်း ယှဉ်လိုက်တဲ့အခါကျလို့ရှိရင် ဒီနိုင်ငံက တင်တဲ့ ဥပဒေနဲ့ နိုင်ငံခြားသားတွေရဲ့ ဥပဒေနဲ့ နှစ်ခု ယှဉ်လို့ရှိရင် မြန်မာနိုင်ငံက ဥပဒေပဲ ရှုံးတယ်။ အဲဒါကြောင့်မို့လို့ အဲဒါတော့ အဓိပ္ပာယ်မရှိသေးဘူး ဆိုပြီးတော့ ဆွဲပြီးတဲ့အခါကျတော့ တင်တယ်။

သို့သော်လည်း ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အခါကျတော့ ၁၉၃၉ အမျိုးသမီးတွေနဲ့ ပတ်သက်တာ အကောင်အထည် မဖော်လာဘဲနဲ့ နောက်ကျတော့မှ လွတ်လပ်ရေးရပြီးမှ ၁၉၅၄ ဥပဒေနဲ့ ၁၉၃၉ ကို သူက လွှမ်းမိုးပြီးတော့ ပယ်ဖျက်ပစ်လိုက်တယ်။ အဲဒီနောက်ပိုင်းမှာမှ ၁၉၅၄ ခုနှစ် ဥပဒေဟာ ပေါ်လာတယ်။ သို့သော်ငြားလည်းပဲ အဲဒီဥပဒေက အခုလက်ရှိအခြေအနေနဲ့ ဆိုလို့ရှိရင် ဥပမာ အဲဒီမှာ တစ်ခုခုကို ပြစ်ဒဏ်ပေးတဲ့အခါကျတော့ ကျပ် ငါးရာတိတိ ဒဏ်ငွေပေးဆောင်ရမည်လို့ ပါတယ် ၁၉၅၄ မှာ။ သို့သော် အခုအချိန်မှာကျတော့ ကျွန်မတို့ သိန်းဂဏန်းတွေ၊ သောင်းဂဏန်းဆိုတာက အင်မတန် သက်သာတဲ့ဟာ အဲဒီလိုမျိုး ဖြစ်လာတဲ့အခါကျတော့ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်အနေနဲ့ ကိုလိုနီခေတ်က ဥပဒေတွေရှိတယ်။ ကျွန်မတို့ အဲဒီကိုလိုနီခေတ်နဲ့ ဒီကြားမှာဖြစ်တဲ့ ဥပဒေတွေရှိတယ်။ အခု လောလောဆယ်ပြဋ္ဌာန်းမယ့် ဥပဒေတွေရှိတယ်။ အဲဒီအခါမှာ ပြင်သင့်တာကို ပြင်မယ်။ စွက်သင့်တာကို စွက်မယ်။ အသစ်ရေးဆွဲသင့်တာကို ရေးဆွဲမှာဖြစ်တဲ့အတွက် အခု အသက်လည်း မဝင်ဘူး။ ပြဋ္ဌာန်း တာတော့ ပြဋ္ဌာန်းထားတယ်။ အမျိုးသမီးတွေကတော့ နစ်နာတာကတော့ နစ်နာနေတာပဲ ဆိုလို့ရှိရင် ဒီအမျိုးသမီးတွေ နစ်နာနေတာကို မနစ်နာအောင် ကျွန်မတို့က ဒါ ဆောင်ရွက်ပေးရမှာ။ အခု ပြောတာ ကျွန်မတို့ ပြဋ္ဌာန်းတဲ့ ဥပဒေက လူ့အခွင့်အရေးကို ချိုးဖောက်တယ်။ နောက်တစ်ခါ ခွဲခြားဆက်ဆံတယ် ဆိုတဲ့အခါကျတော့ ကျွန်မတို့ တခြားနိုင်ငံတွေမှာဆိုလို့ရှိရင် ဥက္ကဋ္ဌကြီးရှင့် ကျွန်မကို နည်းနည်း ပြောခွင့်ပြုပါ။ တခြားနိုင်ငံတွေမှာ ဆိုလို့ရှိရင် ဘုန်းကြီးတွေ မဲပေးခွင့်ရှိတယ်။ ဘုန်းကြီးတွေ အိမ်ထောင် ပြုခွင့် ရှိတယ်။ ကျွန်မတို့နိုင်ငံမှာ ဘုန်းကြီး မဲပေးခွင့်မရှိဘူး။ အိမ်ထောင်ပြုခွင့်မရှိဘူး။ သူများနိုင်ငံ တွေမှာ၊ နိုင်ငံတော်တော်များများမှာ အဖေ ဆုံးဖြတ်ချက်၊ ဖခင် ဆုံးဖြတ်ချက် အတည်ဖြစ်တယ်။ အဲဒါ ခွဲခြားဆက်ဆံတာ မဟုတ်ဘူးလား။ ဘာလို့ မိခင်က ဆုံးဖြတ်ခွင့် မပေးသလဲ။ သူတို့ ခေါ်သွားလို့ရှိရင် ဖအေ ကပဲ ခေါ်သွားတယ်။ မအေ က ခေါ်သွားခွင့် ဘာလို့ မပေးသလဲ။ ဘာလို့ ခွဲခြားဆက်ဆံထားသလဲ။ အဲဒါကို ဘာလို့ Complaint မတက်သလဲ။

အခု ဒီဟာက ၁၉၅၄ ခုနှစ်ကတည်းက ရှိထားခဲ့ဖူးတယ်။ သို့သော်လည်း တကယ် အခုအချိန်နဲ့ သဟဇာတမဖြစ်တော့လို့ လိုအပ်လို့ လုပ်တဲ့ဟာကို ခွဲခြားဆက်ဆံတယ်။ လူ့အခွင့်အရေး ချိုးဖောက်တယ်။ ဟိုဟာနဲ့ မညီဘူး။ ဒီဟာနဲ့မညီဘူး ဆိုတာ တမင်ကို မပြဋ္ဌာန်းစေချင်လို့ ပြောတဲ့ သဘောမျိုးပဲ ဖြစ်တယ်။ သို့သော် ဒါဟာ လိုကို လိုအပ်တယ်။ လိုကို လိုအပ်တာဖြစ်တဲ့အတွက် ပြကို ပြဋ္ဌာန်းရမယ်။ အဲဒီမှာ ဒီမှာ ခရစ်ယာန်လက်ထပ်ထိမ်းမြားတာဆိုလို့ရှိရင် ကျွန်မဆီမှာ ကျွန်မ Result ကို ကျွန်မ အစောကြီးကတည်းက အကုန်လုံး မေးထားပြီးသား။ ခရစ်ယာန်လက်ထပ် ထိမ်းမြားတာ ကျွန်မဆီမှာ အပြည့်အစုံ ရှိတယ်။ အစ္စလာမ် လက်ထပ်ထိမ်းမြားတာ၊ မဟာမေဒင် လက်ထပ်ထိမ်းမြားတာ ရှိတယ်။ ဟိန္ဒူလက်ထပ်ထိမ်းမြားတာ ရှိတယ်။ ဘယ်ဟာမှ အစောကပြောတဲ့ မူတွေ၊ ဘောင်တွေနဲ့ တစ်ခုမှ မရှိဘဲနဲ့ အကုန်လုံး သူ့ဟာနဲ့သူ၊ သူ့ ပညတ်ချက်တွေနဲ့၊ သူ့စည်းမျဉ်းစည်းကမ်းတွေနဲ့ချည်းပဲ ရှိတာ။ အဲဒီအခါ ကျတော့ ကျွန်မတို့က အခု ဒီမှာ ကျွန်မတို့နိုင်ငံတော်အတွက် တကယ်လိုအပ်နေတဲ့ ဒီအမျိုးသမီးထု အတွက် ကျွန်မတို့က ဒီဥပဒေဟာ မဖြစ်မနေပြကို ပြဋ္ဌာန်းရမှာ။ အဲဒီအထဲမှာမှ ကိုယ်က ဘယ်အချက်ကိုတော့ စောစောက ပြောသလို ဘယ်အချက်ကတော့ အားနည်းပါတယ်။ ဘယ်အချက် ကတော့ အားပျော့ပါတယ်ဆိုတာ အဲဒါမျိုးပဲ ကိုယ်က နည်းနည်းလေး ဒါကို ပြင်ဆင်သင့်တယ်။ မလုပ်ပါနဲ့ ဆိုတာကတော့ တကယ် လူ့အခွင့်အရေးကို နားလည်ရင်တော့ မတားသင့်ဘူး။

အဲဒီတော့ ကျွန်မကတော့ ဒီအထဲမှာပါတဲ့ မူလ အဆိုပြုပြဋ္ဌာန်းချက်ထဲမှာပါတဲ့ ပုဒ်မ ၄၀၊ ၄၁၊ ၄၂၊ အဲဒီမှာ ဘာလည်းဆိုတဲ့အခါကျတော့ ရာဇသတ်ကြီးပုဒ်မတွေနဲ့ သူက ဆုံးဖြတ်ထားတာ ရှိတယ်။ ပြဋ္ဌာန်းထားတယ်။ သူက ဘာလည်းဆိုတော့ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (စ)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီးဥပဒေ ဥပဒေပုဒ်မ ၂၉၅ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်လို့ သူက အဲဒီလို ပြောတယ်။ နောက် ၄၁ ကျတော့ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားသည် ၂၄၊ ပုဒ်မခွဲ (ဆ)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီးပုဒ်မ ၂၉၅(က) အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။ နောက် ပုဒ်မ ၄၂ ကျတော့ မည်သူမဆို မဟုတ်မမှန်သည်လည်း ဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်း ဖြစ်သော ဖော်ပြချက်ပါရှိသည့် ဤဥပဒေအရ ပြဋ္ဌာန်းထားသော ထုတ်ဖော်ချက်ကိုသော်လည်းကောင်း၊ ထိုသို့သော သက်သေခံလက်မှတ်ကိုသော်လည်းကောင်း ပြုလုပ်လျှင် သို့မဟုတ် လက်မှတ်ရေးထိုးလျှင် သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံလျှင် ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ ပြစ်မှုကို ကျူးလွန်သည်ဟူ၍ မှတ်ယူရမည်လို့ ပါတဲ့အခါမှာ ကျွန်မက သူတို့ပြဋ္ဌာန်းလိုက်တဲ့အတိုင်း ပုဒ်မတွေက ပြဋ္ဌာန်းထားတဲ့ စကားလုံးတွေနဲ့ အဓိပ္ပာယ်တွေနဲ့ ကွက်တိ ဝင်သလား၊ မဝင်ဘူးလား။ ဝင်တယ်ဆိုရင်တော့ ကျွန်မ ဒီအတိုင်းပဲ အပြစ်ကို အပြစ်အတိုင်း၊ အရှိကို အရှိအတိုင်း ဒီပုဒ်မကို ပြဋ္ဌာန်းပေးပါလို့ ကျွန်မက အဲဒီလို အစီရင်ခံချင်ပါတယ်။ ကျွန်မက အဲဒီလို ဆွေးနွေးချင်ပါတယ်။

ဘာလို့လည်းဆိုတော့ ပစ္စည်းတစ်ခုကို ခိုးတယ်၊ လိမ်တယ်။ ဝှက်တယ်။ အလွဲသုံးစား လုပ်တယ်။ ဒါက သက်မဲ့ပစ္စည်း။ ဒါက သက်ရှိနဲ့ ပတ်သက်တဲ့ လူမှုရေးနဲ့ပတ်သက်တဲ့ ပြစ်ဒဏ်တွေ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သက်မဲ့နဲ့ သက်ရှိ နှစ်ခုမှာ သက်မဲ့အပေါ်မှာ ကျူးလွန်တာထက် သက်ရှိအပေါ်မှာ ကျူးလွန်တာက ပိုပြီးတော့ အပြစ်ကြီးတယ်လို့ ကျွန်မထင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မ ဒါတွေကိုတော့ ဒီမူလပြဋ္ဌာန်းချက်တွေကို ကျွန်မ ထောက်ခံပါတယ်။ နောက် ကျန်တာတွေလည်း ရှိပါတယ်။ အစောက လူကြီးမင်းများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားသလို၊ မြန်မာအမျိုးသမီးများ၊ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းဆိုတာနဲ့ ပတ်သက်လို့ ကျွန်မက ၁၉၅၄ ခုနှစ်ကလည်း မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများလို့ပဲ ခေါင်းစီးမှာ ပါပါတယ်။ အောက်ကျတော့ မှပဲ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမ ဆိုတဲ့ အသုံးအနှုန်း ကို သုံးပြီးတော့ အပေါ်မှာတော့ အမျိုးသမီးဆိုတာနဲ့ သုံးတာဖြစ်တဲ့အတွက် အခုလည်း လောလောဆယ် လက်ရှိ ကျွန်မတို့နဲ့ တကယ် သဟဇာတဖြစ်တဲ့ အသုံးအနှုန်း၊ တကယ်ကျယ်ပြန့်တဲ့ အသုံးအနှုန်းဟာ အမျိုးသမီးဖြစ်တဲ့အတွက် နောက်ပြီးတော့ တကယ်တမ်း မိန်းမနဲ့ အမျိုးသမီးရဲ့ အဓိပ္ပာယ်က တကယ်အတိအကျ လိုက်လိုက်မယ်ဆိုရင် နည်းနည်းတော့ကွဲမယ်လို့ ကျွန်မ အဲဒီလိုထင်ပါတယ်။ အဲဒါကြောင့်မို့လို့ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးဆိုတဲ့၊ အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းဆိုတာက ပိုပြီးတော့ အဆင် ပြေမယ်။ ချောမွေ့မယ်။ နည်းနည်းလေး ပြေပြစ်မယ်လို့ ယူဆတာ ဖြစ်တဲ့အတွက် ခေါင်းစဉ်ကို အဲဒီလိုလေး ဥပဒေရဲ့ ခေါင်းစဉ်ကို မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေဆိုပြီးတော့ ပြဋ္ဌာန်းစေလိုပါတယ်။

နောက်တစ်ခုကကျတော့ ကျွန်မ ဒီမှာ စာရွက်မပြည့်စုံလို့၊ ကျွန်မ ပြည်သူ့လွှတ်တော်နဲ့ မူလ လွှတ်တော်ဟာကို ကျွန်မက ကြည့်ပြီးတော့ ဆွေးနွေးတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခွင့်လွှတ်ပါ။ ဘာလို့လည်းဆိုတော့ ဒီဘက်မှာ ပြည်သူ့လွှတ်တော်ကနေပြီးတော့ စာမျက်နှာ ၂ မှာ အခန်း ၂ ကို

အကုန်ဖျက်ပစ်လိုက်ပါတယ်။ အခန်း ၂ ကို အကုန်ပယ်ပါတယ်။ ပယ်ပြီးတဲ့အခါကျတော့ သူက ဘာလည်းဆိုတော့ တစ်ခန်းလုံးကို ပယ်ဖျက်ပါသည်တဲ့။ မှတ်ချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)တွင် သက်ဆိုင်သူများ ပါရှိမည်ဖြစ်သည်ဆိုတော့ မဟုတ်ပါဘူး အဲဒါက။ ဘာလို့လည်းဆိုတော့ ဒီဘက်မှာ သူက ပြဋ္ဌာန်းထားတဲ့ဟာက ဘာလည်းဆိုတဲ့အခါ ကျတော့ တစ်လင် တစ်မယား။ ဗုဒ္ဓဘာသာဝင် အချင်းချင်း မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့် ထုံးတမ်းဥပဒေနှင့် တစ်လင်တစ်မယား ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့နှင့် သက်ဆိုင်သည်လို့ နောက်ပြီးတော့ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယား ကျင့်သုံးခြင်း ဆိုင်ရာဥပဒေတို့နှင့် သက်ဆိုင်သည်ဆိုတော့ သူက တောက်လျှောက် အဲဒီလို လာတဲ့အခါမှာ ဒီဘက်မှာ သူတို့က ပြင်ထားပါတယ်။ အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်။ ပုဒ်မ ၂(ခ)မှာ ဘာလဲဆိုတော့ ဟိုဘက်က ရေးထားတာက ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ဤဥပဒေအရ ဆုံးဖြတ်ရမည်လို့ အထောက်အထား အနေနဲ့တော့ တစ်လင်တစ်မယားကို ကြည့်ပါဦးလို့ ဆိုလိုတဲ့ သဘောလို့ ကျွန်မက အဲဒီလို နားလည်ပါတယ်။

အဲဒီတော့ ပြည်သူ့လွှတ်တော်က ပြင်ထားတာက ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများအား ဤဥပဒေကို အထောက်အထား ပြု၍ ဆုံးဖြတ်သည်ဆိုတော့ သူက အဲဒါ လိုသွားတယ်။ လိုသွားတာကို ဒီဘက်မှာ အကုန်ပါပြီးသား ဆိုပြီးတော့ တစ်လင် တစ်မယားနဲ့ မြန်မာ့ထုံးတမ်းဓလေ့ကို ထည့်ထားတဲ့ဟာကို တစ်ပိုဒ်လုံးကို သူက ဖျက်လိုက်တာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မက ဖြစ်နိုင်လို့ရှိရင် ပုဒ်မ ၂ (ခ)မှာ အစောက အတိုင်းပဲ တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထား ပြု၍ ဤဥပဒေအရ ဆုံးဖြတ်ရမည်ဆိုတာမျိုးလေး ပြင်ပေးလို့ရှိရင်တော့ ပိုပြီးတော့ သင့်တင့်မယ်လို့ ကျွန်မက အဲဒီလို ဆွေးနွေးချင်ပါတယ်။

နောက် ကျန်တာကတော့ အမိန့်ကို မကျေနပ်လို့ရှိရင် သက်ဆိုင်ရာ အယူခံတက်ခွင့်ရှိတယ် ဆိုတဲ့ အခါမှာ အယူခံတက်ခွင့်ရှိတယ် ဆိုတဲ့အခါကျတော့ ဒီဘက်မှာ ပြဋ္ဌာန်းထားတာက ထိုအမိန့်သည် အပြီးသတ်ဖြစ်ရမယ်။ ဒီဘက်က အဲဒီလို မပါဘူး။ အယူခံဝင်ခွင့်ရှိသည်မှာတင် ပြတ်နေတာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ တစ်ခုခု ပြတ်ပြတ်သားသား ထည့်ဖို့လိုအပ်တယ်လို့ ကျွန်မက အဲဒီလို မေတ္တာရပ်ခံ ချင်ပါတယ်။ အများကြီးတော့ ဒီမှာ ဆွေးနွေးစရာမရှိပါဘူး။ ရှိသော်လည်း ကျွန်မက ဆွေးနွေးဦးမှာ မဟုတ်ဘူး။ ကျွန်မက ဒါကို ကျွန်မ ထင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကို တက်မယ့် ဥပဒေလို့ ကျွန်မ ထင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်မတို့က အပြန်အလှန် ဆွေးနွေးပြီးတော့ အပြန်အလှန် အတည်ပြုထားတဲ့ဟာတွေအပေါ်မှာ ကျွန်မတို့ ဆက်လက်ပြီးတော့ ဆွေးနွေးပါမယ်။ လောလောဆယ် ကတော့ ဒီဥပဒေဟာ ကျွန်မတို့ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများအတွက် အင်မတန်ကို အရေးကြီး ပြီးတော့မှ အခုလက်ရှိ ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေအရ ဘယ်သူ့ကိုမှ ထိခိုက်တာ မပါဘဲနဲ့ ကိုယ့်အတွက်တင် ကိုယ်လုပ်ထားတာ။ ကျန်တဲ့ ဘာသာတွေက အားလုံး သူ့ဟာနဲ့သူ အသီးသီး အသက အသက အကုန်လုံး Safe Side ယူထားပြီးသား။ ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတွေအတွက် ဘာမှ မရှိဘဲနဲ့ကိုပဲ ဒါမလုပ်သင့်ဘူး။ ဒါ လူ့အခွင့်အရေးချိုးဖောက်တယ်။ ဒါက ဘာလုပ်တယ်

ဆိုပြီးတဲ့အခါကျတော့ အဲဒီ လူ့အခွင့်အရေးက အကုန်လုံးကို စတုတ်တိုက်ပြီးတော့မှ တညီတည်း လုပ်လို့မရဘူးဆိုတာကို ကျွန်မက ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၄ (ဂ)က၊ (ဃ) က သိပ်အသေးစိတ်လွန်းတဲ့အတွက် လွတ်သွားနိုင်တာတွေ ရှိတာပေါ့။ (ဂ) လင်နဲ့မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာ ပုံတော်များ ထားရှိကိုးကွယ်ခြင်းကို ခွင့်ပြုရမည်ဆိုတာ တခြား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူဖို့အတွက် ပန်းကန် ခွက်ယောက်တွေတောင် မထားရဘူး ဆိုတဲ့သဘောမျိုး ကပ်မယ်ဆိုရင် ကပ်နိုင်တဲ့အတွက် (၂)။ ဗုဒ္ဓဘာသာဆိုင်ရာ ပရိဘောဂများ ထားရှိကိုးကွယ်ခွင့်ကို ခွင့်ပြုရမည်လို့ ဖြည့်စွက်မှ သူက မလွတ်တမ်း ဖြစ်မယ့်သဘော ရှိပါတယ်။ အလားတူပဲ (ဃ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဘာသာရေးအရ အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေကျမ်းဂန်များ ထားရှိလေ့လာဖတ်ရှုခြင်း၊ နာကြားခြင်းတို့ကို ခွင့်ပြုရမည်။ တကယ်တော့ ဗုဒ္ဓဘာသာဆိုင်ရာ ဒါန၊ သီလ၊ ဘာဝနာနှင့် အခြားကိစ္စများ ပြုလုပ်ခွင့်ဆိုရင် ပြီးတာပဲ။ တော်ကြာ ဒီထဲမပါလို့ ဆွမ်းကျွေးလို့ မရဘူးဆိုတာမျိုး သွားဖြစ်နိုင်တဲ့ အနေအထားတွေ ရှိတာပေါ့ ခြုံမိအောင်။

နောက်တစ်ခုက ၂၅ မှာလည်း (က) ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင် ပစ္စည်းများမှ မိမိရထိုက်သော အစုကို စွန့်လွှတ်ရမည့်အပြင် ဆိုတော့ ရထိုက်ခွင့်ကို မပေးမှ ရမယ်။ ရထိုက်ပြီးတော့မှ စွန့်လွှတ်ရတယ်ဆိုတဲ့ အခါကျတော့ ဒါ အငြင်းထွက်စရာ အကြောင်းတွေ ရှိပါတယ်။ ဒါ ဥပဒေကြမ်း ကော်မတီက ပြန်ပြီးတော့ စဥ်းစားဖို့ လိုတယ်။

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ငါးဦးရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘွိုင်လာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဘွိုင်လာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘွိုင်လာ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော် တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၆။**

**ဦးမိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ဘွိုင်လာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၂၆၉
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ဘွိုင်လာဥပဒေကြမ်းကို ၁-၄-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၁၂-၅-၂၀၁၅ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဘွိုင်လာဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော "မြန်မာနိုင်ငံ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဘွိုင်လာကိုင်တွယ်သူလက်မှတ် ဆိုသည့် စကားရပ်ကို ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော "တစ်ကေဂျီအက်(ဖ်)" ဆိုသည့်စကားရပ်ကို အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် "တစ်ကီလိုဂရမ်ဖိအား" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃ တွင် ဖော်ပြထားသော ဥပဒေ၏ ရည်ရွယ်ချက်များအစား အောက်ပါ အတိုင်းအစား ထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများရရှိစေရန်၊

(ခ) ဘွိုင်လာမတော်တဆထိခိုက်မှု ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း ဘွိုင်လာများအား မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အသုံးပြုစေရန်၊

(ဃ) ဘွိုင်လာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘွိုင်လာများ ထုတ်လုပ်၊ ပြုပြင်၊ ကိုင်တွယ်ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သူများ တိုးတက်ပေါ်ပေါက်စေရန်၊

(င) လောင်စာစွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ဘွိုင်လာများ စွမ်းရည်ပြည့် အသုံးပြုနိုင်စေရန်၊

(စ) ဘွိုင်လာများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်စေရန်နှင့် ယင်းတို့ကြောင့် သဘာဝ၊ လူမှုကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျော့ချနိုင်စေရန်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၀၊ အပိုဒ် ၁၁ နှင့် အပိုဒ် ၅၃၊ အပိုဒ်ခွဲ (ဃ) တို့တွင် ဖော်ပြထားသော "မီးရှိန်ရိုက်" ဆိုသည့် စကားရပ်ကို "မီးရှိန်ရမျက်နှာပြင်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၆ တွင် ဖော်ပြထားသော စကားရပ်များအစား "ဘွိုင်လာတင်သွင်းသူသည် ပြည်ပမှ ဘွိုင်လာများကို တင်သွင်းရာတွင် မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ညီညွတ်သော ဘွိုင်လာများကိုသာ တင်သွင်းရမည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄၃ တွင် ဖော်ပြထားသော စကားရပ်များအစား "စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပိုင်ရှင်က လိုက်နာခြင်းမရှိကြောင်း စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပိုင်ရှင်ကပေးဆောင်စေရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးကို ညွှန်ကြားရမည်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၁ တွင်ဖော်ပြထားသော စကားရပ်များအစား "စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဂ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာပြုပြင်သူ လက်မှတ်ကို ပြန်လည်ရုပ်သိမ်းရမည့်အပြင် သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ဘွိုင်လာပြုပြင်သူက ပေးဆောင်စေရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးကို ညွှန်ကြားရမည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၃၆၊ ၄၈၊ ၄၉၊ ၅၃ အပိုဒ်ခွဲ(စ)၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃ နှင့် အပိုဒ်၇၅၊ အပိုဒ်ခွဲ(က)နှင့်(ဂ)တို့ကို

မြန်မာစာအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း ပြန်လည်စီစဉ်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဘွိုင်လာဥပဒေကြမ်းကို စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘွိုင်လာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၄း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘွိုင်လာ ဥပဒေကြမ်းကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၀-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၉) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ၁၄း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]